www.burmeseclassic.com

# အသူရာလမ်းက
# အိမ်နီကြီး

BURMESE CLASSIC .com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းအရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
  ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော
- နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဒေဝစကြာ

## အသူရာလမ်းက ဒီမိနီကြီး

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူထုတ်ဝေပြီးသောစာအုပ်များ

၁။ သချိုင်းစောင့်တစ္ဆေ
၂။ ဝိညာဉ့်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
၄။ မရဏာရန့်
၅။ သွေးသောက်တဲ့မြိုင်
၆။ မိစ္ဆာတေလေ တောလုံးမွေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယ ဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိမ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နမိတ်
၁၃။ ဝဋ်ကြွေးကြမ္မာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲတိုက်
၁၅။ ဝိညာဉ်နက်ဇကရီ
၁၆။ ခန္ဓာနှင့် ဝိညာဉ်
၁၇။ ဥပါဒါန် မုန်တိုင်း
၁၈။ မရဏာတမာန်
၁၉။ မိစ္ဆာမုဆိုး
၂၀။ ငရဲသို့ဖြတ်လမ်း
၂၁။ သေတမ်းကစားသူ
၂၂။ ဒြပ်မဲ့ခန္ဓာ
၂၃။ မရဏာတံခါး၏အခြားတစ်ဖက်
၂၄။ တမလွန်ခရီးသွား

(ယခုလ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (ပါဝင်သည့်အခန်းများ)

၁။ သုသာန်ကိုကျော်လျှင်
၂။ ယွန်းသေတ္တာထဲမှ စာဟောင်းများ
၃။ အလောင်းပျောက်ဖျက်ခြင်း
၄။ ပျောက်ဆုံးသွားသောလူသေ
၅။ ဝက်ပါထောင်ချောက်
၆။ တစ်လိမ်ပေါ် နှစ်လိမ်ဆင့်
၇။ နောက်ဆုံးမြှုပ်ကွက်
၈။ အိပ်မက်အလွန်



ဤသုသာန်တည်စကစတင်ကာ သုဘရာဇာလုပ်ခဲ့သည့် ဦးတာတေကို အစွဲပြုကာ ယခုကဲ့သို့ ဦးတာတေသုသာန်ဟု ခေါ်ဝေါ်နေကြခြင်းဖြစ်သည်။ မြန်မာသုသာန်တို့ ထုံးစံအတိုင်းပင် လှလှပပ မဟုတ်။

## ( ၁ ) သုသာန်ကိုကျော်လျှင်



www.burmeseclassic.com

www.burmeseclassic.com


## ( ၁ ) သုသာန်ကိုကျော်လျှင်

BURMESE CLASSIC .com

၂၅နှစ်ဆိုသောကာလသည် တိုတောင်းသောကာလမဟုတ်။ ရာစုနှစ်တစ်ခု၏ လေးပုံတစ်ပုံ။ဤ၂၅နှစ်ဆိုသောအချိန်က၊ လိုအပ်လျှင် အရာအတော်များများကိုပင် ပြောင်းလဲစေနိုင်သည်မှာ အမှန်။ သို့သော် ..

အဝေးပြေးကားပေါ်တွင် ထိုင်ကာ လိုက်ပါလာရင်း ပြည်ငြိမ်းသည် ပြတင်းပေါက်မှတဆင့် မြင်တွေ့ရသလောက် မြို့ကလေးကို ငေးမောကြည့်ရှုလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သိတ်ထူးထူးခြားခြားပြောင်းလဲနေသည့်ဟုတော့ မခံစားမိ။ သူ့ဓာတိမြို့ကလူတွေသည် ဟိုအရင်အတိတ်ကာလ ၂၅နှစ်ကျော်ကလူတွေလိုပင်၊အပူအပင်မရှိသလို အေးအေးလူလူလျှောက်သွားသူက လျှောက်သွားလျက်၊ စားသောက်ဆိုင်များတွင်ထိုင်ကာ စကားစမြီ ပြောဆိုသူတို့က ပြောလျက်။

တစ်ခုတော့ရှိသည်။အဆောက်အဦးတွေကတော့ အရင်ကထက်ပိုမိုပြီး သစ်လွင်လတ်ဆတ်လာသလိုပင်။ ဒါက ... စည်ကားသော မြို့လယ်လမ်းမမို့လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူ့ကားက မြို့လယ်စည်ကားရာ အရပ်ကို အတော်ပင်ကျော်လွန်လာပြီးမှရပ်၏။ဤနေရာကား ဤမြို့ကလေး၏ အဝေးပြေးကားဂိတ်နေရာ။

သူ..ကားပေါ်ကဆင်းလိုက်သည်။ မရောက်တာကြာပြီဖြစ်သော ဓာတိမြို့ကလေး၏ တမာန့်သင်းသောလေကို၊ အဆုတ်ထဲထိကောင်းကောင်းရောက်အောင် တဝကြီးရှူသွင်းလိုက်သည်။





သြော် .. စွန့်ခွာခဲ့တာကြာပြီဖြစ်သော ဓာတိမြို့ကလေး၏မြေပေါ် သူခြေချမိပြန်ပြီ။ ဒီမြို့ကလေးကိုသူ ကျောခိုင်းစွန့်ခွာခဲ့စဉ်က သူ့အသက်က (၁၈)နှစ်သားပဲ ရှိသေးသည်။ ယခု အသက် (၄၃) နှစ်ရှိလေပြီ။

အမှန်အတိုင်း သူ့အသက်ကို (၄၃) နှစ်ဟုပြောသည်ကို ယုံကြည်သူနည်းပါး၏။ သူက အသက်ထက် အတော်ပင် ကျန်းမာနုပျိုနေခြင်းကြောင့်ဖြစ်သည်။ သူ့အသားကဖြူဖြူ၊ အရပ်က ၅ပေ၈လက်မ၊ သူ့တွင် အရပ်အမောင်းနှင့် လိုက်ဖက်သည့်၊ ကိုယ်လုံးကိုယ်ပေါက်ရှိ၏။ ပြီးတော့ အစဉ်ထာဝရ ကျန်းမာရေးလိုက်စားသူ။

အရက်၊ ဆေးလိပ်နှင့် တခြား အပျော်အပါးများ ဟင်းရှင်းသူ။ ပြီးတော့ အိမ်ထောင်မရှိသူ။အဝတ်အစားဆိုလည်း သူက လူငယ်တစ်ယောက်လို ဝတ်ဆင်တတ်သဖြင့် အရွယ်တင်နုပျိုနေတာမဆန်း။

ယခုလည်းကြည့်ပါ။

ဂျင်းဘောင်းဘီအပြာရင့်၊ ရှပ်အကျီချည်သားအ



www.burmeseclassic.com

www.burmeseclassic.com



ပြာကို လက်စကခေါက်ဝတ်ထား၏။ အင်္ကျီရင်ပတ်တွင် ကြယ်သီးများကိုမတပ်ပဲ ပွင့်ဟကာ၊ အင်္ကျီအောက်နားစ တို ဘောင်းဘီအပြင်ထုတ်ဝတ်ထား၏။ အတွင်းတွင်တီ ရှပအဖြူ ခထားသည်။ သားရေအနက်ရောင်၊ ကျောပိုး အိတ်တစ်လုံးကို ပုခုံးတွင်လွယ်ထား၏။

ရှည်လျားသော သူ့ဆံပင်တွေက ပုခုံးတဝိုက် ဝေ့ဝဲကျနေပုံမှာ၊ လည်ဆံမွေးတဖွားဖွားနှင့် ခြသေ့ံတစ် ကောင်ဖြင့်ပင် တူသည်။ နှာခေါင်းပေါ်ပေါ်၊ ပိပိရိရိစေ့ ထားတတ်သောနှုတ်ခမ်း၊ အရောင်လက်သော မျက်ဝန်း နက်နက်များ။ တစ်ခုတော့ရှိသည်။ ထိုမျက်ဝန်းတွေက ကြေကွဲစရာကောင်းသော အတိတ်တစ်ခုကို သိမ်းဆည်း သိုဝှက်ထားသလိုရှိ၏။

ဒါကြောင့် သူ့ကို အကြောင်းမသိသူတွေက ပုံ ပန်းသဏ္ဌာန်ကိုကြည့်ကာ၊ အသက်သုံးဆယ်အရွယ် လူ ငယ်တစ်ဦးဟုသာ ထင်မှတ်ကြလေသည်။ ဤအဝေးပြေး ကားဂိတ်မှ၊သူသွားလိုရာအထိရောက်အောင် အတန်ငယ်





လှမ်းသေးသည်ဟုဆိုနိုင်သည်။ ထိုကားဂိတ် အနီးတွင် ပင် လိုရာခရီးကို ပို့ဆောင်ပေးရန် စောင့်ဆိုင်းနေသည့် မော်တော်ဆိုင်ကယ် ကယ်ရီတွေ ရှိနေတာတွေ့ရသည်။

ဟိုး လွန်ခဲ့သော ၂၅နှစ်ခန့်ကတော့ မြင်းလှည်း ဂိတ်။ အခုတော့ မြင်းလှည်းတွေကိုမတွေ့ရတော့။သူက လျှောက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ ရပ်ကွက် တစ်ခု လောက် ကျော်လျှောက်လိုက်လျှင်၊ သူသွားမည့်အိမ်ကို ရောက်ပေတော့မည်။ သူ၏ယောကျ်ားခြေနှင့် လျှောက် လိုက်လျှင် (၁၅) မိနစ်ခန့်သာ လျှောက်ရပေမည်။

ပြည်ငြိမ်းက ခြေလှမ်းမှန်မှန်နှင့်သာလျှင် လမ်း လျှောက်လာခဲ့၏။ သူလမ်းလျှောက်ရခြင်းရည်ရွယ်ချက် ထဲတွင်၊ မရောက်တာကြာပြီဖြစ်သော ဒေသ၏ အခြေအ နေကို အေးအေးလူလူအကဲခတ်ချင်တာလည်း၊တကြောင်း ပါဝင်လေသည်။ သူတို့မြို့ကလေးသည် ချင်းတွင်းမြစ် ဘေးတွင်ရှိသော အညာမြို့ကလေးဖြစ်ကာ၊ အရောင်းအ ဝယ်လုပ်ငန်းဖြင့် အသင့်အတင့်စည်ကားသည်ဟုဆိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



ညီ။ ရှားသောအားဖြင့် နယ်မြို့ကလေးတို့၏ထုံးစံအ တိုင်း။ လူနေအများစုက ရိုးသားကြသည်။ တင်းတိမ် ရောင့်ရဲလွယ်ကြသည်။

သူက မြို့ကလေး၏ ဦးတာတေသုသံန်ကိုဖြတ် ကျော်လာခဲ့သည်။ သုသံန်သည် လမ်း၏ညာဘက် အ နည်းငယ်မြင့်သော ကုန်းဂမူလေးပေါ်တွင်ရှိသည်။ ဤ သုသံန်တည်စက စတင်ကာ သုဘရာဇာလုပ်ခဲ့သူဦးတာ တေကို အစွဲပြု၍ ယခုကဲ့သို့ ဦးတာတေသုသံန်ဟု ခေါ် ဝေါ်ကြခြင်းဖြစ်သည်ဟု ကြားဖူး၏။ မြန်မာသုသံန်တို့ ထုံးစံအတိုင်းပင် လှလှပပမဟုတ်။ ခြုံနွယ် ပိတ်ပေါင်း တွေအကြားတွင် အုတ်ဂူအကျိုးအပျက်၊မှတ်တိုင်အယိုင် ယိုင်အလဲလဲနှင့်။ ကြည့်ရတာကပင် သေခြင်းတရားကို ဆက်စုတ်ချင်စရာ၊ သဝေဂရစရာ တရားပြနေသည့်နယ် ရှိလေသည်။

သုသံန်ကိုကျော်လျှင် ..

သူသွားလိုသော ဝက်ဘာရပ်ကွက်ကိုရောက်ပြီ။





တစ်ခါက ဤ ဝက်ဘာရပ်ကွက်သည် ဤမြို့ရှိ လူချမ်း သာများစုဝေးနေထိုင်ရာ၊ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ခဲ့၏။ယ ခုတော့ အတော်များများက ပို၍စည်ကားသော ကမ်းနား လမ်းနှင့် မြို့လယ်လမ်းမတော်သို့ ရွှေ့ပြောင်းကုန်ကြ လေပြီ။

ရေနံရည်ဝနေသော ကျွန်းသားအိမ်မည်းကြီး တ ချို့ကိုတွေ့နေရသော်လည်း၊ တချို့အိမ်များမှာ လူမှနေ ပါလေစ၊ သုံသယပွားစဖွယ်ပင်။ရပ်ကွက်ကား ယခင်က ထက်ပို၍ တိတ်ဆိတ်ငြိမ်သက်နေလေသည်မှာ သုသံန် ထပင် အရှုံးပေးရတော့မည်ကဲ့သို့ ရှိလေသည်။ ဤရပ် ကွက်ထဲသို့ သူ ချိုးကွေ့ဝင်လာခဲ့သည်။ လမ်းတွေက တွေ့ကွေ့ကောက်ကောက်ရှိ၏။ရပ်ကွက်အတွင်းပိုင်းကို ရောက်လေ၊ ပို၍ ကောက်ကွေ့ရှုတ်ထွေးလေ။ ဝက်ဘာ ထဲ ဝင်လာရသူကဲ့သို့ ဖြစ်နေလေသည်။ ဒါကြောင့်ဝက် ဘာရပ်ကွက်ဟု ခေါ်ကြခြင်းဖြစ်သည်။

တွေ့ပါပြီ ..



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် အသူတာရာလမ်း။

ပေ၁၅ပေခန့်ရှိသော ခတ်စိတ်စိတ်မန်ကျည်းပင်များရိဝ်မိုးနေသည့် မြေနီလမ်း။ဤလမ်း၏အမည်မှာ အသူရာဖြစ်သည်။ ဘာကြောင့် ဤနာမည်ရနေတာလဲ။

ဘယ်သူမှ သေသေချာချာမသိကြ။ အသူရာ ဆိုတာက မိုးတွင်းကာလရောက်တိုင်း တာဝတိံသာနတ်တို့နှင့် စစ်ခင်းလေ့ရှိသောနတ်တစ်မျိုး။နတ်ဆိုးများဟုခေါ်ရလေမည်လားမသိ။ သူသွားလိုသောအိမ်ကား ဤလမ်းထဲတွင်ရှိလေသည်။

အသူရာလမ်းက အိမ်။

ဤ အသူရာလမ်းက အိမ်တွင်၊ သူ၏ငယ်ချစ်ဦးနွယ်နွယ်မြင့်သည် သူ့ကိုမျှော်လင့်တကြီးစောင့်မျှော်နေပေလိမ့်မည်။ နွယ်နွယ်မြင့်၏စာကိုရရှိသောကြောင့် သူသည်၊အနှစ်၂၅နှစ်ကျော် ကျောခိုင်းထားခဲ့သောဇာတိမြေကို ပထမဆုံးအကြိမ် ပြန်လည် ခြေချခဲ့ရခြင်းဖြစ်သေသည်။ ဤအခြေအနေရောက်မှတော့ သူလှစ်လျူရှုနေဖို့





မသင့်တော်တော့။

သူ့စာအရတော့ နွယ်နွယ်သည် လူ့လောကတွင်အရှားဆုံးသုံးလခန့်သာ အသက်ရှင်နေထိုင်ရတော့မည့်သူဖြစ်သည်။သူ့အတွက် သေမိန့်ချလိုက်သလို၊ ရောက်ရှိလာသောအရာကား အသည်းကင်ဆာပင်ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်း ..

အခုတော့နွယ့်ရဲ့အခြေအနေက နောက်ဆုံးအခြေ
အနေကို ရောက်ရှိနေပါပြီ။ နွယ့်ရဲ့ ဆရာဝန်က
တော့၊သုံးလပဲအသက်ရှင်နိုင်တော့မယ်လို့ ပြော
တယ်။ အသည်းကင်ဆာက အဆိုးဆုံး အခြေအ
နေကို ရောက်ရှိနေပြီ။

အခု နွယ့်ရဲ့နောက်ဆုံးတောင့်တမှုက ဘာလဲသိ
လား။ နွယ့်ရဲ့ဘေးမှာ ကိုငြိမ်းကို ရှိနေစေချင်
တာပဲ။ သေတော့မယ့်လူရဲ့ဆန္ဒကို လိုက်လျော





တဲ့အနေနဲ့ နွယ့်ဆီကို ကိုငြိမ်းပြန်လာလိမ့်မယ်
လို့ မျှော်လင့်ပါတယ် ..

ချစ်နေဆဲ ...

နွယ်

သူ့ဆီကိုရောက်လာသော ဤစာတစ်စောင်က ..
တည်ငြိမ်နေသော သူ့ဘဝကန်ရေပြင်ကို၊ဂယက်ထသကဲ့
သို့ ဖြစ်ခဲ့လေသည်။ တကယ်တော့ သူ့ဘဝက ရန်ကုန်
တွင် အတော်အတန်ငြိမ်သက်အေးချမ်းနေခဲ့ပြီဟု ဆိုနိုင်
သည်။ ပျော်တာမပျော်တာတော့ မမေးနှင့်။ပျော်ရွှင်ခြင်း
ဆိုတာကို သူမေ့လျော့နေခဲ့တာကြာပြီ။ ကြေကွဲဖွယ်ရာ
အဖြစ်ဆိုးကြီးဖြစ်ပေါ်ပြီး သူ ဤမြို့ကလေးမှ ထွက်ခွာ
ခဲ့ကတည်းက ဆိုပါတော့။

ဘဝမှာ ပျော်ရွှင်စရာဆိုတာ လိုရောလိုအပ်ပါရဲ့
လားဟုပင် သူ တစ်ခါတစ်ရံ သံသယဖြစ်မိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com


ဘဝတွင် လုံလောက်သောဝင်ငွေရှိသည်၊ အလုပ်အကိုင် တစ်ခုရှိသည်။ သူအချိန်တန်စားသည်။ အချိန်တန်အိပ်သည်။ တစ်ခါတစ်လေ တီဗွီကြည့်သည်။ ဒီလိုနေထိုင်လို့လည်း ဖြစ်တာပါပဲ။အားလုံးကိုသူက မေ့လျော့ထားချင်သည်။ ဇာတိမြို့ကလေး၊ အမေ၊ နွယ်နွယ်မြင့် .. ပြီးတော့ .. ပြီးတော့ .. အားလုံးပဲဆိုပါတော့ ..

သို့သော် ..

ဒီစာရောက်လာတော့၊ သူအတော်အတန် အံ့အားသင့်သွား၏။ ၂၅နှစ်အတွင်း သူ့ထံကိုရောက်လာသည့် ပထမဆုံးစာတစ်စောင်။ ဘာပဲဖြစ်ဖြစ် ဇာတိမြို့ကလေးတော့ ပြန်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။ ကုမ္ပဏီပိုင်ရှင်ဆိုတာကလည်း သူနှင့် ဤကုမ္ပဏီ စတင်တည်ထောင်စဉ်ကတည်းက လက်တွဲလုပ်ခဲ့တဲ့သူဆိုတော့ သူငယ်ချင်း လူရင်းတွေလိုဖြစ်နေသည်။ အလွယ်တကူပင် ခွင့်ပြုခဲ့၏။

"မင်း အဆင်ပြေသလောက်နေပါ။ မင်း.. ဘယ်





အချိန်ပြန်လာလာ မင်းနေရာက တို့ကုမ္ပဏီမှာ အဆင်သင့်ပဲမှတ်ထား။ မင်းနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးဘူး"

ဟု ကတိစကားပြောကြားခဲ့၏။အခုတော့ အသူရာလမ်းကအိမ်နီကြီးရှေ့ကို သူတကယ်ပင် ရောက်ရှိနေလေပြီ။ ဒါဟာ အိပ်မက်မဟုတ်။အုတ်ခဲနီနီတွေဖြင့်နှစ်ထပ်အိမ်အိုကြီးတစ်လုံး။လွန်ခဲ့သော ၂၅နှစ်ခန့်ကတော့ ဤအိမ်ကြီးမှာ အတော်ပင် သစ်သစ်လွင်လွင်ရှိခဲ့သည်။ နွယ်နွယ်မြင့်နှင့် ပတ်သက်ကာ သူ အမြဲပင် ဝင်ထွက်သွားလာနေခဲ့သောအိမ်။ အခုတော့.. မပြုမပြင်ပဲထားသဖြင့် ဟောင်းနွမ်းအိုမင်းသည့် သဏ္ဌာန်တွေ အထင်းသားပေါ်နေ၏။

ပြည်ငြိမ်းက၊တံခါးကိုခေါက်လိုက်တော့ တံခါးပွင့်လာ၏။ တံခါးဝတွင်ရပ်နေတာက အသက်သုံးဆယ်ကျော်ခန့်မိန်းမတစ်ယောက်။ထောင်ထောင်မောင်းမောင်းအုတ်တုတ်ခိုင်ခိုင်မို့ ယောကျ်ားတစ်ယောက်လိုသန်မာ



www.burmeseclassic.com

www.burmeseclassic.com



မည့်သူဟု ယူဆရ၏။ သူ့မျက်နှာပုံပန်းကလည်း ယောကျ်ားဆန်သည်။ မျက်လုံးတွေကတော့ အတော်ပင်ရှူးရှူးရဲရဲရှိ၏။ သူ့ကိုမှုန်ကုတ်ကုတ်ကြည့်ကာ ..

"ဘာကိစ္စလဲ .." ဟု အသံပြတ်နှင့်မေး၏။

"နွယ်နွယ်နဲ့ တွေ့ချင်လို့ပါ"

"မဖြစ်ဘူး နွယ်နွယ်နေမကောင်းဘူး"

"ဟုတ်ကဲ့၊ အဲဒါကိုသိလို့ ကျွန်တော်ရန်ကုန်က ရောက်လာတာပါ။ ကျွန်တော့်နာမည် ပြည်ငြိမ်းပါ"

တံခါးပေါက်ဝမှ မိန်းမ၏ မျက်နှာပေါ်တွင် အံ့သြဟန် အရိပ်အမြွက်ဖြစ်ထွန်းလာ၏။

"ရှင်က ကိုပြည်ငြိမ်းလား။ ကျွန်မက မနွယ်ရဲ့ သူငယ်ချင်းဆိုတော့ အသက်ကြီးမယ်ထင်ထားတာ"

"ကျွန်တော် (၄၃) နှစ်ရှိပါပြီ"

"အို ..အသက်ထက်အများကြီးပိုပြီး နုပျိုနေတာ





ပဲ။ဆောရီး အထဲကိုဝင်ပါ။မနွယ်က ရှင်ရောက်လာဒိမ့်မယ်လို့ မျှော်လင့်နေပါတယ်။ ကျွန်မနာမည်က မူယာပါ။ လောလောဆယ်တော့ မနွယ်ရဲ့ သူနာပြုဆရာမပဲ ဆိုပါတော့"

ပြည်ငြိမ်းကို ဧည့်ခန်းထဲမှာထိုင်ခိုင်းခဲ့ကာ၊လှေကားအတိုင်း အပေါ်ထပ်ကိုတက်သွား၏။ ဧည့်ခန်းက အရောင်အသွေး ဖျော့တော့လှသည်။ ပရိဘောဂတွေက ဟောင်းနွမ်းနေ၏။ နွယ်နွယ်တို့ စီးပွားရေးအခြေအနေ ကောင်းဟန်မတူ။

"ကိုငြိမ်း .."

အသံကြားလိုက်ရသည်။ ကြည့်လိုက်တော့၊လှေကားပေါ်က မူယာနှင့်အတူတူ ဆင်းလာသောမိန်းမတစ်ယောက်ကို တွေ့ရ၏။ ဖြူဖြူပိန်ပိန်ပါးပါး၊ ဆံပင်တွန့်တွန့်တွေက ပုခုံးပေါ်ဝဲကျနေ၏။နှာခေါင်းချွန်ချွန်၊မျက်လုံးဝိုင်းဝိုင်း၊ မျက်ခုံးမွေးက ဆေးနှင့် ဆွဲထားသကဲ့သို့ ကောင်းထင်းမည်းနက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင်တော့ မိန်းမလှတစ်ယောက်ပင်။

သူ့အနားရောက်လာကာ ..

"ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ။ မမှတ်မိဘူးလား"

ဟုခတ်နွဲ့နွဲ့ပြောသည်။ ပြည်ငြိမ်းက အေးဆေးတည်ငြိမ်စွာ ..

"မင့်း... အများကြီး ပြောင်းလဲသွားတယ်နော်"

"ကျွန်မတို့... အကြာကြီး ခွဲနေခဲ့ရတယ်မဟုတ်လား။ နေပါဦး ဘယ်နနှစ်ရှိပြီလဲ"

"၂၅နှစ်လေ.."

"ရှင်ကတော့ မပြောင်းလဲဘူး။ရှင်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်ကိုငြိမ်း။ ရှင် ဒီမှာ .. ဘယ်လောက်နေမလဲဟင်"

"မပြောနိုင်သေးဘူး"

"ရှင့်မှာ နောက်ဆံတင်းစရာတွေ ရှိနေသလား"

"ဘာကိုပြောတာလဲ .."





"ဥပမာ .. ဇနီးနဲ့သားသမီးတွေပေါ့"

ပြည်ငြိမ်းက မဲ့ပြုံးပြုံးကာ ခေါင်းခါပြသည်။

"ငါ အခုအချိန်အထိ တစ်ကိုယ်တည်းပါ။ငါ့ရင်ထဲမှာ နှယ်ကလွဲပြီး ဘာမှမရှိခဲ့ဘူး"

"ရှင်ရေးခဲ့တဲ့ စာတွေဖတ်ပြီး သိနေပါတယ်"

"မင်းရော .. မင်းရော အိမ်ထောင်နဲ့လား"

နှယ်နှယ်မြင့်က ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း ကျွန်မကလည်း တစ်ကိုယ်တည်းပဲ။ အမေဆုံးသွားတော့ နေရတာပိုပြီး အထီးကျန်ဆန်လာတယ်။ အခု ရှင်ရောက်လာတော့၊ ကျွန်မ သိတ်ဝမ်းသာသွားတယ် ကိုငြိမ်း"

"မင်းရောဂါ အခြေအနေကရော .."

"ဒီလိုပါပဲ ဆေးမတိုးတော့ဘူး။ သေမယ့်နေ့ကိုစောင့်နေရတဲ့ အခြေအနေရောက်နေပြီ"

သူ့ရင်ခွင်ထဲကို တိုးဝင်လာ၏။ ပြည်ငြိမ်းက .. ဆီးကြိုကာ ပွေ့ဖက်ထားလိုက်ရသည်။ သူတို့အနားကို



www.burmeseclassic.com

www.burmeseclassic.com

မှုယာ ရောက်လာကာ ..

"မနွယ် ဆရာဝန်ရောက်လာကာနီးပြီ။ အိပ်ယာထဲလှဲနေတာ ပိုကောင်းမယ်ထင်တယ်"

ဟု သတိပေးသလို ပြောလိုက်၏။

"ဟုတ်သားပဲ။မှုယာရေ ကိုငြိမ်းကို သူ့အတွက် ရှင်းထားတဲ့ အခန်းဆီ လိုက်ပို့ပေးလိုက်ပါဦး"

ဟုပြောကာ သူ့အိပ်ခန်းရှိရာအပေါ်ထပ်ကို နွယ်နွယ်မြင့် ပြန်တက်သွား၏။ မှုယာက လှေကားအောက်ခြေဘေးတွင်ရှိနေသော အခန်းတစ်ခန်းကို လိုက်ပို့၏။ ဤအခန်းတွင် သူနေထိုင်ရန် ပြင်ဆင်ပေးထားသည်။

"ရှင့်အခန်းပဲ .. ရှင်ကြိုက်ရဲ့လား"

မေးတော့ ခေါင်းညိတ်ပြလိုက်၏။တကယ်တော့ သူ့မှာ တခြားရွေးချယ်ခွင့်မရှိ။ အိပ်ယာပေါ် ခဏလှဲနေမိ၏။ ခရီးပန်းလာသောကြောင့်ထင်၏။သူ ရုတ်တရက် မှေးကနဲ အိပ်ပျော်သွား၏။

အိပ်မက်ဆိုးတွေမက်ကာ သူ လန့်နိုးလာသည်။





သူ့အိပ်မက်က ..

ထုံးစံအတိုင်းပင် အတိတ်ဆီက ကြေကွဲဖွယ်ရာဖြစ်ရပ်သာလျှင် ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဖက်ပေါ်တိုင်အောက်တွင်ရပ်ကာ စီးကရက်မီးညှိရင်း သူ့ကိုစောင့်ကြည့်နေသော လူထွားကြီးကို မှန်ရိပ်ထဲမှာကောင်းစွာမြင်နေရ၏။ ဘယ်သူလဲ .. ဘာကြောင့် နောက်က လိုက်နေတာလဲ။

( ၂ ) ယွန်းသေတ္တာထဲမှ စာဟောင်းများ

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



## ( ၂ ) ယွန်းသေတ္တာထဲမှ စာဟောင်းများ

မြစ်ကမ်းစပ်က မြက်ပင်ရှည်တောထဲမှာ သူရပ်နေသည်။လေတိုးတိုက်လိုက်တိုင်း မြက်ပင်ရှည်တွေက လှိုင်းအိထသည့်နှယ် လှုပ်ရှားနေ၏။ သူ့ရှေ့တွင် ငြိမ်သက်သော မြစ်ပြင်ပြာပြာ။ မြစ်ပြင်ကိုကြည့်ကာ လှပမှုကိုသူမခံစားရ။ ဤမြစ်ပြင်အောက်တွင် နစ်မြုတ်ပျောက်ကွယ်ခဲ့သူတွေ ဘယ်၍ဘယ်မျှရှိခဲ့လေသနည်း။ ဤမြစ်ပြင်ကား စဉ်းစားကြည့်မည်ဆိုလျှင်၊ လှသေအဆောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကွယ်ဝှက်ထားသော ဖုံးကွယ်ထားသည့်သုသာန်ပင် ဖြစ်နေပေမည်။ လှိုင်းကြက်ခွပ်ကလေးတွေဖြင့် မြစ်ပြင်သည် ဂယက်ထနေ၏။ ထိုဂယက်သံတို့ကို ဂရုတစိုက်နားဆင်ကြည့်သောအခါ တိုးတိုးညှင်းညှင်းဝိညာဉ်တို့၏ ငိုရှိုက်သံကိုကြားရသည်။ထိုအသံကခြောက်ခြားဖွယ်ရာနှင့် ကြေကွဲဖွယ်ရာ၊ ရသနှစ်ခု ပေါင်းစုံနေလေသည်။

ရုတ်တရက် ..

လေတွေက ငြင်ငြင်သွေးသွေး တိုက်ခတ်နေရာမှ ပြင်းထန်၍လာ၏။ မြက်ပင်ရှည်တွေက တဟူးဟူးတဟဲဟဲ ရှုန်းကန်နေသည်။ မြစ်ပြင်က လှိုင်းတွေဖြင့် ကြွမ်းတမ်းလာသည်။ကောင်းကင်ကလည်း တိမ်ညိုတိမ်မည်းတွေ တလိပ်လိပ်တက်လာကာ၊နေရောင်ကိုဖုံးလွှမ်းသွားသည်။

ပတ်ဝန်းကျင်တစ်လုံး နေ့အသွင်မှညအသွင်သို့ ရုတ်ချည်း ကူးပြောင်းသွားသည်။ လှိုင်းရိုက်သံတွေ အ





ကြားမှ၊ ခြောက်ခြားဖွယ်ရာအသံများ ရောပွန်းထွက်ပေါ်နေသည်။ သူ .. ဤကမ်းခြေမှ ထွက်ပြေးချင်သည်။သို့သော် သူ့ခြေထောက်တွေက၊ မြေပြင်မှာ သံမှိုစွဲထားဘိသကဲ့သို့ တစ်လက်မမှ ရွေ့လျားမရ။

လှိုင်းလေတွေထဲမှ လှေပုံသဏ္ဍာန် မည်းမည်းအရာဝတ္ထုတစ်ခု ကမ်းခြေသို့၊ တဖြည်းဖြည်းတက်လာသည်။ နီးလာတော့ လှေပုံသဏ္ဍာန်ကထင်ရှားလာ၏။ မိနစ်မတစ်သောက်၊ သူ့တစ်ကိုယ်လုံး ရေတွေရွှဲရွှဲနစ်နေသည်။သူ့အသွင်က ရေအောက်ကြမ်းပြင်မှ၊လမ်းလျှောက်တက်လာသည့်ပုံမျိုး။ ဆံပင်ရှည်တွေကဖရိုဖရဲ၊ မျက်နှာတစ်ဝက်ထိုဖုံးအုပ်ထား၏။သူ့မျက်နှာနှင့်ခြေလက်တွေ၏အသားအရေက ရေအောက်တွင်ကြာရှည်စိမ်ထားသလို ပြာနှမ်းဖြူလျော်နေသည်။

"မင်း .. မင်း"

လက်ညှိုးထိုးကာပြောလိုက်သော်လည်း သူပြောချင်သည့်စကားတွေက၊ လည်ချောင်းထဲတွင်ပင် ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားကာ နှုတ်ခမ်းမှထွက်ပေါ်မလာ။

"မင်း ..မင်း"

"ဒေါက် ..ဒေါက် ..ဒေါက်"

ခတ်ပြင်းပြင်းတံခါးခေါက်သံ ထွက်ပေါ်လာ၏။

ထိုတံခါးခေါက်သံက သူ့ကို ဆိုးဝါးသော အိပ်မက်ဆိုး မှဆွဲထုတ်ကာ ကယ်တင်လိုက်သည်။ပြည်ငြိမ်းက အိပ်ယာကုတင်ပေါ်မှာ ထ, ထိုင်လိုက်သည်။ ကုတင်ပေါ်က ခြေအချွန် ကြမ်းပြင်မှရေကွက်ကိုနင်းမိကာ ချော်လဲမလို ဖြစ်သွား၏။ သူအံ့သြသွားသည်။ ကြမ်းပြင်တွင်အိုင်နေသော ရေကွက်ကိုတွေ့လိုက်ရ၏။ ဘာကြောင့် .. ဘယ်က ရောက်လာသော ရေကွက်လဲ ..။

တံခါးခေါက်သံ ထပ်မံထွက်ပေါ်လာပြန်၏။ သူက တံခါးဆီလျှောက်သွားကာဆွဲဖွင့်လိုက်တော့၊ တံခါးဝတွင်ရပ်နေသည့် သူနာပြုဆရာမ၊မုယာကိုတွေ့ရသည်။

"ထမင်းပွဲပြင်ပြီးပြီ။ ညစာစားအောင် နှယ်နှယ် က ခေါ်ခိုင်းလိုက်လို့ပါ"





"ဟုတ်ကဲ့"

သူ တော်တော်ကြာအောင်ပင် အိပ်ပျော်သွားခဲ့ပုံရသည်။

"ဒါထက် .. ဒီကြမ်းပြင်မှာ ရေကွက်ကြီး"

သူ့ စကားကို အလေးမထားသလို ရေကွက်ကို တစ်ချက်ကြည့်ကာ ..

"သြော် .. ဒီအိမ်မှာ တာတေဆိုတဲ့ ကြောင်ကြီး တစ်ကောင်ရှိတယ်လေ။ သူက ညစ်ပတ်တယ်။ ကြုံရာမှာ အလေးအပေါ့စွန့်တတ်တယ်"

ဟုဆိုသည်။ ဒါဆို သူတက်နင်းမိတာ ကြောင်သေးတွေပေါ့။ သူက မုယာနှင့်အတူလျှောက်လာရင်း ..

"ကြောင်နာမည်က တာတေဟုတ်လား။ဒီနာမည် ကို ကြားဖူးသလိုပဲ။ သြော် သတိရပြီ။ သုသာန် နာမည်ကြီးပဲ"

ဤအိမ်ကိုလာစဉ်က ဦးတာတေဆိုသော သုသာန်ကို သူဖြတ်သန်းလာခဲ့ရသည်။ သူတို့ ယဉ်ယဉ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကလူတွေက ဒီလိုခေါ်ကြ၏။သချိုင်းတည်စက သချိုင်းစောင့်ကြီး၏အမည်ကိုအစွဲပြုကာ ခေါ်ဆိုခြင်းဖြစ်သည်။

"သူ့ကို ဒီသုသာန်ထဲက နွယ်နွယ်ကကောက်ရခဲ့တာတဲ့။ ဒါကြောင့် သူ့ကိုကာတေလို့ပဲ အမည်ပေးခဲ့တာ"

သူက မြေညီထပ် ... မန်းထဲ ရောက်သွားတော့၊နွယ်နွယ်မြင့်နှင့်အတူထိုင်နေသော သူတို့နှင့်ရွယ်တူလောက်ရှိသည့် လူတစ် ... ယောက်ကိုတွေ့ရသည်။ သူက ရှပ်အကျီလက်ရှည်နှင့်စတိုင်ဘောင်း ... ကိုဝတ်ဆင်ထားသော်လည်း၊ ဥပမိရုပ်က ... ဆန် ... ည့်ဟု ပြည်ငြိမ်းတွေးလိုက်မိ၏။ သို့သော်

အထင်နှင့်အမြင်လွဲနေ၏။

ဒီလူက ဆရာဝန်တစ်ယောက်ဖြစ်နေ၏။

နွယ်နွယ်မြင့်က မိတ်ဆက်ပေး၏။

"ကိုငြိမ်း သူက အခုနွယ့်ကိုကုသနေတဲ့ ဒေါက်တာအောင်မြတ်ဦးပါ။ ဒေါက်တာ သူကနွယ့်သူ





ငယ်ချင်း ကိုပြည်ငြိမ်းတဲ့။ နွယ့်ကို အားပေးရအောင် ရန်ကုန်ကရောက်လာတာ"

"ခင်ဗျား ဘယ်မှာတည်းသလဲ .."

"ဒီမှာ ..."

ဒီလူ့ပုံ ... မနှစ်မြို့ဟန်ပြနေသည်။ သူက စားပွဲတွင် နွယ်နွယ့်မြင့်နှင့် ဘေးချင်းကပ်လျက်ယှဉ်တွဲကာထိုင်နေ၏။ သူ့ခန္ဓာကိုယ်က အမြဲပင် နွယ်နွယ့်ဘက်ယိမ်း ... တ်နေသလို ... ရှိနေ၏။

နောက် ... တော့ သူတို့ထမင်းကိုငြိမ်ငြိမ်သက်သက်စားသောက ... ကြသည်။ ... ကြောင့်မှန်းမသိ၊ဒီဒေါက်တာအောင်မြင့်ဦး ဆိုသူကို သူ့စိတ်ထဲက မနှစ်မြို့သလိုဖြစ်နေ၏။ ဒါကြောင့် သူကအမြန်စားကာ ထမင်းပွဲမှ ထွက်လာခဲ့သည်။ အပေါ်ပြန်ရောက်တော့ သူ့အခန်းသို့ သွား ... ည်ပြုပြီးမှ စိတ်ကူးပြောင်းလိုက်၏။

ကပ်လျက်တွင်ရှိနေသည့် နွယ်နွယ်မြင့် အခန်းဆီသို့ ဝင်လာခဲ့သည်။ အခန်းက အတော်ပင်ကျယ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤအိမ်၏ အကောင်းဆုံးအခန်းဖြစ်ကာ၊ အတော်အတန်တန်ဘိုးရှိသည့် ပစ္စည်းတွေပြင်ဆင်ထား၏။ ကုတင်ဘေးက မှန်တင်ခုံပေါ်တွင် အမျိုးအစားစုံလင်သည့် အလှပြင်ပစ္စည်းတွေ ရှိနေ၏။ သူ ဤအိမ်ကို ရောက်ကတည်းက၊ နွယ်နွယ့်ကို ပြင်ပြင်ဆင်ဆင် အသွင်သဏ္ဍာန်ဖြင့် မမြင်ရသေး။

သေဆုံးကာနီးဆဲဆဲ လူတစ်ယောက်အတွက် အလှပြင်တယ်ဆိုတာ အပို အလုပ်တစ်မျိုး ဖြစ်နေပေမည်။ တစ်ခုတော့ရှိသည်။နွယ်နွယ့်အတွက် သူ့ကုတင်ကြီးမှာ ကြီးမားလွန်းနေသည်ဟု ထင်ရ၏။ နှစ်ယောက်အိပ် ကုတင်ကြီးတစ်လုံး။ သူ့ကိုပြောတုန်းကတော့ နွယ်နွယ်တသူတစ်ကြိမ်တစ်ခါမှ လက်မထပ်ခဲ့ပါဟုဆိုသည်။ သူ့ကားကိုဘယ်လောက် ယုံကြည်ရမည်နည်း။

ကုတင်ဘေးမှန်တင်ခုံပေါ်တွင်၊ ယွန်းသေတ္တာလေးတစ်လုံးရှိနေကာ၊ ထိုသေတ္တာထဲတွင် စာအိတ်ဖြင့်ထည့်ထားသော စာကလေးတွေရှိနေ၏။ သူက.. ထိုစာ





အိတ်ကလေးတွေကို ရည်တွက်ကြည့်မိသည်။ အားလုံး (၂၅)အိတ်ဖြစ်နေ၏။ အားလုံး နွယ်နွယ့်ဆီကို သူထည့်ခဲ့တဲ့ စာအိတ်ကလေးတွေပါပဲ။

တစ်နှစ်တစ်စောင်နှုန်းဖြင့်ဆိုလျှင် (၂၅)နှစ်ကြာမြင့်ခဲ့လေပြီ။ စာရွက်၏အပေါ်ဘက် တစ်နေရာတွင် နေ့စွဲတပ်ထား၏။ နှစ်တွေသာပြောင်းလဲသည်။ လနှင့်ရက်တတော့ တစ်ထပ်တည်း။ ဒီဇင်ဘာလ(၉) ရက်နေ့။ သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

မှန်တင်ခုံပေါ်တွင် ဘောင်သွင်းကာ ထောင်ထားသော **Photo Stand** ထဲ၌၊ အားရပါးရ ပြုံးနေသော နွယ်နွယ့်ကိုတွေ့ရသည်။ သို့သော် ဤဓါတ်ပုံကိုကြည့်ရတာ သဘာဝမကျသလိုဖြစ်နေ၏။ သို့မဟုတ် ဓါတ်ပုံရိုက်ကူးသူသည် အတော်ပင် ကရော်ကမယ်နိုင်သူဖြစ်ပုံရ၏။ဓါတ်ပုံအယူအဆကို ကောင်းကောင်းနားမလည်သူဖြစ်ရမည်။

"ရှင်က ဒီထဲရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကိုဝင်လာသော နွယ်နွယ်ကပြောလိုက်၏။

"ဆောရီး .. ကိုယ်ခွင့်မတောင်းပဲ ဝင်လာခဲ့မိတယ်"

"ရှင်နဲ့ကျွန်မက ဒီလိုခွင့်တောင်းနေစရာ လူတွေလား"

"မင်း ဘယ်လိုနေသလဲ .. သိချင်လို့ပါ"

"ဘယ်လိုအိပ်သလဲလို့ ပြောစမ်းပါ"

သူ့စကားကိုပြင်ပေးရင်း နွယ်နွယ်က ရယ်တော့သူပါ လိုက်ရယ်လိုက်မိ၏။ တကယ်တော့ မိန်းကလေးတစ်ယောက်၏အိပ်ခန်းကို၊ သူခွင့်မတောင်းပဲ ဝင်ကြည့်မိခြင်းမှာ ရိုင်းပြမှုတစ်ခုသာဖြစ်လေသည်။ ဒါကြောင့်-- စကားလမ်းကြောင်းလွှဲကာ ..

"ဆရာဝန်က ဘာပြောသွားလဲ .."

"သက်သာအောင်ဆေးပေးတာပဲ တတ်နိုင်တော့တယ်တဲ့။ ညညကျ ရင်ထဲမှာ မီးစကြီးမြိုထား





သလို ပူလောင်တယ်။ တစ်ကိုယ်လုံးကလည်း ကိုက်ခဲနာကျင်နေတာပဲ"

"အဲဒါတွေက ကင်ဆာရောဂါလက္ခဏာတွေပါ"

"ကျွန်မ သေရမှာမကြောက်ပါဘူး။မသေခင်သာ ကျွန်မ ဆန္ဒကိုပြည့်ဝအောင်ဆောင်ရွက်သွားချင်တယ်။ ရှင်နဲ့ လက်ထပ်ဖို့ပဲ"

ပြည်ငြိမ်းက သက်ပြင်းချကာ ..

"ကိုယ့်ကို ခဏလောက်တော့ စဉ်းစားခွင့်ပြုပါ။ ရက်ပိုင်းလောက်ပေါ့"

နွယ်နွယ်က ခေါင်းညိတ်ပြ၏။

"ကျွန်မနားလည်ပါတယ်။ ကျွန်မတို့ချင်း ဘယ်လောက်ချစ်တယ် ဆိုပေမယ့်၊ လူချင်းမတွေ့ကြတာ (၂၅) နှစ်ရှိခဲ့ပြီမဟုတ်လား။ ကျွန်မကဆန္ဒစောနေတာ။ ဘဝမှာ တစ်ခါမှ လက်မထပ် ဖူးခဲ့တော့၊ လက်ထပ်တယ်ဆိုတာ ဘယ်လိုဟာလဲ သိတ်သိချင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုဒ်ပြန်တော့လည်း နွယ်နွယ်သည်၊တကယ့်
ဆင်းရဲသားရာမိန်းကလေး ဖြစ်၍နေပါလေတော့သည်။





နောက်တစ်နေ့ ပြည်ငြိမ်း မြို့ထဲကိုထွက်လာခဲ့သည်။ အိမ်တွင် စက်ဘီးဟောင်းတစ်စီးရှိနေရာ၊ ပြည်ငြိမ်းကစမ်းသပ်ကြည့်တော့ ကောင်းကောင်းသုံး၍ရသေါအရာ ဖြစ်နေ၏။ မြို့လယ်နှင့်သိတ်မဝေး။ စက်ဘီးနှင့်ဆို အများဆုံး(၁၅) မိနစ်ခန့်သာနင်းရပေမည်။မြို့လယ်လမ်းမတော်ကား သူ့အရင်ရှိတုန်းကထက်ပို၍ စည်ကားနေတာတွေ့ရသည်။ ခေတ်မှီစားသောက်ဆိုင်ကလေးများ တာရာအိုကေဆိုင်တချို့၊ ဗျူတီဆလွန်းတချို့၊စတိုးဆိုင်တလေးများနှင့် အင်တာနက်ကဖေးကအစ တွေ့ရ၏



www.burmeseclassic.com

www.burmeseclassic.com



တို့မြို့ကလေးလည်း ကမ္ဘာကြီးနှင့်အတူတူ၊ ရင်ဘောင်တန်းလိုက်နိုင်သားပဲဟု တွေးလိုက်မိ၏။ သူက လမ်းမတော်တွင်လျှောက်ငေးစဉ်၊သူ့နောက်မလှမ်းမကမ်းက နောက်ယောင်ခံလိုက်နေသည်ဟု ယူဆရသော လူတစ်ယောက်ကို ပြည်ငြိမ်းသတိထားမိ၏။

ကုတ်အင်္ကျီအနက်ဝတ်ကာ၊ခေါင်းပေါ်တွင်ကက်ဦးထုပ်အနက်တစ်လုံးကို ခတ်ငိုက်ငိုက် ဆောင်းထားသည့်အပြင် အတန်ငယ်ဝေးလံနေသဖြင့် သူ့မျက်နှာကို အကဲခတ်ခွင့်မရ။သို့သော်သူ့ခန္ဓာကိုယ်ကတော့ အတော်ပင်ထွားကြိုင်းတာ သတိပြုမိ၏။ အရပ်အမောင်းကဖြေနီးပါးရှိမည့်အပြင်၊အရပ်မောင်းနှင့်လိုက်ဖက်သောကိုယ်လုံးကိုယ်ပေါက်ရှိသဖြင့်၊ လူဘီလူးကြီးတစ်ဦးနှင့် တူနေသေးသည်။ ဒီလူက သူ့နောက်တည့်တည့်က လိုက်တာတော့မဟုတ်။ လမ်းတစ်ဘက်ခြမ်း ပလက်ဖေါင်းမှ လိုက်လာခြင်းဖြစ်သည်။

အလှပြင်ဆိုင် တစ်ဆိုင်ရှေ့တွင်ရပ်ကာ၊ မှန်နံရံ





ထဲမှနေ၍ပြည်ငြိမ်းက အကဲခတ်ကြည့်လိုက်သည်။လမ်းတစ်ဘက်ခါတ်တိုင်အောက်တွင်ရပ်ကာ၊ စီးကရက်မီးညှိရင်း သူ့ကိုစောင့်ကြည့်နေသော လူထွားကြီးကို မှန်အရိပ်ထဲမှာ ကောင်းစွာမြင်နေရ၏။

ဘယ်သူလဲ၊ဘာကြောင့် ဒီလိုနောက်ကလိုက်နေရတာလဲ။ သူကခတ်သွက်သွက်လျှောက်လာရင်း အနီးရှိကော်ဖီဆိုင်ထဲဝင်လိုက်သည်။ ကော်ဖီဆိုင်ကလေးမှာအကော်ပင် အဆင့်မြင့်သပ်ရပ်တာ တွေ့လိုက်ရ၏။ နိုင်ငံခြားဖြစ် ကော်ဖီကောင်းကောင်းများ မှာယူသောက်နိုင်တာကို မီနူးကတ်တွင်တွေ့ရသည်။ဈေးကတော့ ကြီးပေသည်။

သူက နောက်လှည့်ကြည့်လိုက်သည်။ ကုတ်အင်္ကျီအနက်နှင့်လူထွားကြီးကိုတော့ မတွေ့ရတော့။ ဘယ်ရောက်သွားလေသလဲ၊ သူစိတ်အေးသွားကာ ကော်ဖီတစ်ခွက်ကိုသောက်နေစဉ် စားပွဲပေါ်ကို အရိပ်တစ်ခုထိုးကျသာ၏။မော့ကြည့်လိုက်တော့ အသက်သိုးဆယ်ခန့် ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရည်သန့်ပြန့်သော၊ လူရွယ်တစ်ယောက်ကိုတွေ့ရသည်။ ဘောင်းဘီရှည်နှင့်စပို့ရှပ်လက်တိုကို ကျကျနနဝတ်ဆင်ထားသည်။

သူက မပြောမဆိုပင် ပြည်ငြိမ်းရှေ့ကခုံမှာ ဝင်ထိုင်လိုက်၏။ဒီလိုပိုင်စိုးပိုင်နင်းအမူအယာမျိုးကို ပြည်ငြိမ်းက သဘောမကျ။ သို့သော်.. သူက ဤမြို့နှင့်ပတ်သက်လာလျှင် လူစိမ်းတစ်ယောက်လိုဖြစ်နေ၏။ လွန်ခဲ့သော (၂၅)နှစ်ခန့်က အသိအကျွမ်းတချို့နှင့် ဆုံရသည့်တိုင်အောင်၊ သူ့ကိုမှတ်မိနိုင်ကြဖို့မလွယ်။

ပြည်ငြိမ်းက ယဉ်ကျေးစွာ...

"ကျွန်တော် ဘာများအကူအညီပေးရမလဲ"

ဟု မေးလိုက်၏။ ထိုလူရွယ်က စူးရှသောမျက်လုံးများဖြင့် စိုက်ကြည့်ကာ ..

"ကျွန်တော့်ကို ကူညီချင်တယ်ဆိုရင်တော့ ခင်ဗျား ဒီမြို့မှာရောက်တုန်း၊ ပြဿနာ မရှာဖို့ပဲလိုပါတယ်။ ကျွန်တော်က ရဲအုပ်ဘုန်းမော်ပါ"





ဟု မိတ်ဆက်လာ၏။မြို့ကလေးကကျဉ်းသည်။ လူစိမ်းတစ်ယောက်ရောက်လာလျှင် ပထမဆုံး သိနိုင်သူဟာ ရဲဘက်ကပင်ဖြစ်နိုင်သည်။သူက မြို့ရဲ့လုံခြုံရေးကို တာဝန်ယူထားရတော့ ..

"ကျွန်တော်တို့မြို့ကလေးက အတော် အေးချမ်းပါတယ်။ ပြောရရင် ကြီးကြီးမားမား ရာဇဝတ်မှုရယ်လို့ မဖြစ်တာတောင် နှစ်နဲ့ချီကြာနေပြီ။ ဒါကြောင့် .. ခင်ဗျားရောက်လာမှ ပြဿနာဖြစ်လာတာမျိုးကိုမလိုလားဘူး။ ဒါကြောင့် သတိပေးစကား ကြိုပြောထားရတာပါ"

"ကျွန်တော့်မှာ.. ဒီလို ရည်ရွယ်ချက်မျိုး မရှိပါဘူး။ မိတ်ဆွေတစ်ယောက်နေမကောင်းလို့ အားပေးရအောင် ခဏပြန်လာတာပါ"

"ကောင်းတာပေါ့။ ဘယ်တော့လောက်ပြန်မလဲ"

"မဆုံးဖြတ်ရသေးပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ။ ခင်ဗျားမှာ ကိစ္စတစ်ခုခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီဗုန်းနံ့ဝါတ်ကိုဆက်လိုက်”

ရဲအုဝ်ဘုန်းမော်က.. သူ၏ ဗစ်ဇစ်တင်းကတ်ကလေးကို ထုတ်ပေးပြီးသည်နှင့်၊ ဆတ်ကနဲ ထိုင်ရာမှထ ကာ တျောခိုင်းထွက်ခွာသွားသည်။ ရင်ထဲတွင် လေးလံကျန်ခဲ့သူက ပြည်ငြိမ်းသာ ဖြစ်ပါလေတော့သည်။





သူ့ခြေထောက်တွေက နွဲပျစ်ပျစ် အရည်တွေကို နင်းမိ၏။ ကြည့်လိုက်တော့ ကြမ်းပြင်ပေါ်တွင် ပေစွန်းနေသော နီရဲရဲအရာများ။ သွေးတွေ .. သွေးတွေက၊သူ့ခြေထောက်နှစ်ဘက်လုံး ပေစွန်းကုန်၏။

( ၃ ) အလောင်းပျောက်ဖျက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com


## ( ၃ ) အလောင်းဖျောက်ဖျက်ခြင်း

နံရံတွင် နှယ်နှယ်မြင့်၏ဓါတ်ပုံတချို့ချိတ်ထားသည်။ သို့သော်.. ဘာကြောင့်မှန်းမသိ။ ဓါတ်ပုံတွေက သဘာဝမကျသလို စိတ်ထဲတွင် ခံစားနေရသည်။ ဒါမှမဟုတ် ကောင်းကောင်း ဓါတ်ပုံမရိုက်တတ်သူ ရိုက်ထားသည့်ပုံတွေလို ဓါတ်ပုံတွေက တစ်ခုခုချို့ယွင်းနေသည်ဟု ပြည်ငြိမ်းစိတ်ထဲက ခံစားနေရ၏။

"ဘာတွေကြည့်နေတာလဲ .. ကိုငြိမ်း"


www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းထဲက ထွက်လာသည့် နွယ်နွယ်မြင့်က သူ့ထိုအေးလိုက်ခြင်းဖြစ်၏။

"မင်းဓါတ်ပုံတွေကို.. လျှောက်ကြည့်နေတာပါ။ မင်းရုပ်က ငယ်ငယ်ကရုပ်နဲ့ တော်တော်ကွဲသွားတယ်လို့ ဆိုနိုင်တယ်"

"ကျွန်မတို့ကင်းကွာခဲ့တာ (၂၅)နှစ်ကျော်ပြီလေ ကိုငြိမ်းရဲ့။ ရှင့်ရုပ်လည်း ပြောင်းလဲလာတာပါပဲ။ ရှင့်ကိုယ်ရှင် မိတ်ဆက်မပေးရင် လမ်းမှာတွေ့တာတောင် ကျွန်မတော့ မှတ်မိချင်မှမှတ်မိနိုင်မယ်"

ဟုတ်တော့ဟုတ်သည်။ ဒီနေ့ သူမြို့ထဲလျှောက်သွားခဲ့သည်။ သူ့ကိုဘယ်သူကမှ မှတ်မိပုံမပြ။ အဲဒါက သူ့အတွက်ကောင်းသည်။ လွတ်လွတ်လပ်လပ်လှုပ်ရှားသွားလာနိုင်သည်။ သူက နွယ်နွယ့်ကိုကြည့်ကာ ..

"မင်းကိုဒီနေ့ မြင်ရတာကတော့ လန်းလန်းဆန်းဆန်းပဲ။ နေကောင်းတယ်မဟုတ်လား"





"အဲဒါ ကိုငြိမ်းရဲ့ကျေးဇူးပဲ။ ကိုငြိမ်းရောက်လာကတည်းက၊ နွယ့်ရဲ့အခြေအနေ ပိုတိုးတက်လာတယ်လို့ ဒေါက်တာကလည်းပြောတယ်။ ဒါပေမယ့် ကင်ဆာရောဂါသည်ဆိုတာ သေမိန့်ကျပြီးသား လူတစ်ယောက်ပါကိုငြိမ်းရယ်၊ တစ်နေ့ရွှေ တစ်နေ့ငွေပေါ့။ ဒါကြောင့် .. ကျွန်မတို့မြန်မြန်လက်ထပ်ကြရအောင်လား .. ဟင်"

ပြည်ငြိမ်းက သက်ပြင်းချလိုက်ပြန်၏။

"တရားသူကြီးတစ်ယောက်ကို ခေါ်မယ်။ ဒီအိမ်မှာပဲ အကျဉ်းချုံးလက်ထပ်ကြမယ်လေ။သေကာနီးလူတစ်ယောက်ကို လက်ထပ်ဖို့အတွက် ရှင့်အနေနဲ့ ဘယ်လောက်ခက်ခဲမယ်ဆိုတာ ကျွန်မစဉ်းစားမိပါတယ်။ဒါပေမယ့်ကျွန်မရဲ့နောက်ဆုံးဆန္ဒကို .."

ပြည်ငြိမ်းက လက်ကာပြလိုက်သည်။

"ငါ့ကိုစဉ်းစားဖို့ တစ်ရက်နှစ်ရက်တော့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ဗေးသင့်တယ်ထင်ပါတယ်"

နွယ်နွယ်က သူ့ရင်ခွင်ထဲတိုးဝင်လာပြန်သည်။

"နှစ်ရက်ပဲနော် .. နှစ်ရက်ထက် အချိန်ပိုယူလို့ မရဘူး"

ဟုခတ်နွဲ့နွဲ့အသံဖြင့်ပြောလိုက်၏။ချောင်းဟန့်သံထွက်ပေါ်လာသည်။ညှော်ခန်းထဲကို ဒေါက်တာအောင်မြတ်ဦးဝင်လာသဖြင့်၊ သူတို့နှစ်ယောက်က လူရှင်းခွာလိုက်ကြ၏။ ဘယ်လိုပဲဆိုဆို လက်မထပ်ရသေးသည့် ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်က အဲဒီလောက်ထိ ပူးပူးကပ်ကပ်မနေသင့်။ အောင်မြတ်ဦးက..

"နွယ်နွယ် .. ဆေးထိုးရမယ့်အချိန်ရောက်ပြီ"

"ဟုတ်ကဲ့ .. ဒေါက်တာ"

သူတို့နှစ်ယောက် နွယ်နွယ့်အခန်းရှိရာ အပေါ်ထပ်ကိုတက်သွားသည်။ပြည်ငြိမ်းက ပန်းခြံထဲဆင်းလာခဲ့၏။ လေအေးအေးလတ်လတ်ဆတ်ဆတ်ကို ရှူလိုက်တော့ ခေါင်းထဲတွင် အတန်ငယ်ကြည်လင်သွား၏။





သူက ခြံထဲတွင်လမ်းလျှောက်ရင်း အပေါ်ထပ်ရှိ နွယ်နွယ့်အခန်းကို လှမ်းကြည့်လိုက်၏။ ထိုအခန်း၏ပြတင်းတံခါးကို ပိတ်ထားသော်လည်း မှန်တံခါး ဖြစ်သဖြင့် အထဲထဲကိုအလုံးစုံ ထွင်းဖေါက်မြင်နေရသည်။ အခန်းထဲတွင် နွယ်နွယ်နှင့် ဒေါက်တာအောင်မြတ်ဦးတို့ ထက်ညိုး အပြန်အလှန်ထိုးကာ၊ ရန်တွေ့နေကြသည်ကို တွေ့ရ၏။ သူတို့စကားသံတွေကို မကြားရသော်လည်း၊ ဟန်ပန်အမူအရာကိုမြင်ရခြင်းအားဖြင့် ရန်ဖြစ်နေကြတာ ဆင်ရှားသည်။ ဘာကြောင့် ဤနှစ်ယောက်ကရန်ဖြစ်နေရသနည်း။ ဆရာဝန်နှင့် လူနာအကြားတွင်၊ ရန်ဖြစ်စရာ ဘာအကြောင်းများ ရှိသနည်း။

မကြာခင် အိမ်ထဲမှ အောင်မြတ်ဦးထွက်လာကာ၊ သူ့ကားကို မောင်း၍ထွက်သွား၏။ ထွက်မသွားခင် သူ့ဆီသိုလှမ်းကာကြည့်သော မျက်နှာတွင် မကျေမချမ်းအရိပ်အယောင်တွေ မြင်လိုက်ရသေး၏။ပြည်ငြိမ်းက အိမ်ထဲပြန်ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်နေသော နေရာက နောက်ဖေးဖြစ်နေသဖြင့် မီးဖိုတံခါးကိုဖွင့်ကာ ဝင်လိုက်၏။ သူ့ခြေထောက်အောက် ချွဲပျစ်ပျစ်အရည်တွေကို နင်းမိ၏။ ကြည့်လိုက်တော့ ကြမ်းပြင်ပေါ်တွင်ပေစွန်းနေသော နီရဲရဲအရာများ။

သွေးတွေ ..

သွေးတွေက၊သူ့ခြေထောက်နှစ်ဘက်လုံး ပေစွန်းကုန်၏။

"ရှင့်ကိုပေကုန်ပြီလား"

မီးဖိုခန်းထဲတွင် မူယာရပ်နေသည်။သူ့လက်တစ်ဖက်တွင် သွေးစွန်းနေသည့် ဓါးတစ်ချောင်းကိုကိုင်ထား၏။ ထိုဓါးကသွေးတွေက ကြမ်းပေါ်တစ်စက်စက်ကျနေသည်။

"ခင်ဗျား .. ခင်ဗျား ဘယ်သူ့ကိုသတ်လိုက်တာလဲ"

"တာတေလေ ..ဟင်းခိုးစားလို့။ဒီကြောင်ကိုမုန်းနေတာကြာပြီ .."





သူက.. လက်ညှိုးထိုးပြလိုက်တော့မှ ကြမ်းပေါ်တွင်သေဆုံးနေသော ကြောင်ကြီးကိုတွေ့လိုက်ရ၏။

တော်တော်အသက်ပြင်းတဲ့ကောင် ဟုပြောရင်း

"ကျွန်မ ခြံထဲဆင်း မြှုတ်လိုက်ဦးမယ်။ ဒီကိစ္စကို နွယ်နွယ်သိလို့မဖြစ်ဘူး"

ဟုပြောကာ၊ ကြောင်သေကို ခြေထောက်ကဆွဲ၍ နောက်ဖေးမီးဖိုတံခါးမှ ထွက်သွား၏။ရေချိုးခန်းထဲတွင် ပြည်ငြိမ်းက သူ့ခြေထောက်တွေကို စင်အောင်ဆေးရ၏။ သို့တိုင်အောင် စိတ်ကမသတီချင်သေး။အပေါ်ထပ်တက်လာခဲ့သည်။

နွယ်နွယ်နှင့်ဒေါက်တာ ဘာတွေဖြစ်ခဲ့သလဲ။

နွယ်နွယ်ကများ ပြောပြနိုင်မလား။ နွယ်နွယ့်အခန်းရှေ့သို့ရောက်ကာ ပိတ်ထားသောတံခါးကို ခေါက်လိုက်၏။ သို့သော် အထဲကထူးသံမကြားရ။ ဒေါက်တာက အိပ်ဆေးထိုးထားသဖြင့် အိပ်ပျော်နေဟန်ရှိသည်။

ဆက်နှိုးမနေတော့ပဲ သူ့အခန်းထဲ သူ ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့က အခန်းပြတင်းဝတွင်ရပ်ရင်း ခြံထဲကိုလှမ်းကြည့်လိုက်တော့၊ ခြံထောင့်တစ်နေရာတွင် ပေါက်တူးတစ်လက်နှင့်၊ ကြောင်သေကိုတွင်းတူးမြှုတ်နေသည့် မှယာအားတွေ့လိုက်ရလေသည်။





သူ .. အိပ်ယာကနိုးတော့ ညနေစောင်းလုပြီဖြစ်သည်။နှယ်နှယ်နှင့်ထမင်းစားချိန်က တစ်ကြိမ်ဆုံလိုက်ရ၏။ နှယ်နှယ်၏မျက်နှာကမကောင်း၊မြန်မြန်လက်ထပ်ကြရအောင်ဟုသာပြော၏။ အခုသူနိုးလာတော့ အိမ်တွင်နှယ်နှယ်ရော မှယာပါမရှိ။ မြို့ထဲသို့သွားကြပုံရသည်။ဧည့်ခန်းစားပွဲတစ်လုံးပေါ်တွင် တင်ထားသည့် ဖိုတိုစတန်း ဓါတ်ပုံမှန်ဘောင်လေးတစ်ခု ကြမ်းပြင်ပေါ်ကျကာကွဲရှနေသည်ကို တွေ့ရ၏။

သူက ဧည့်ခန်းစားပွဲတွင်ထိုင်ကာ၊ မှန်ကွဲစတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်းဖို့ကြိုးစားသည်။ ဒီတော့ .. အထဲမှာထည့်ထားသည့် နှယ်နှယ့်ဓါတ်ပုံကလေးကို ဆွဲထုတ်လိုက်ရ၏။ ဒီတော့မှ.. ဓါတ်ပုံက အကောင်းမဟုတ်ပဲ ဆုတ်ဖြဲထားသောဓါတ်ပုံဆိုတာ သိလိုက်ရသည်။ ဘာကြောင့်ဆုတ်ဖြဲထားရတာလဲ။ နှယ်နှယ်နဲ့တွဲရိုက်ထားတဲ့ တစ်ဘက်ကလူက ဘယ်သူဖြစ်မလဲ။

ပြည်ငြိမ်းက ဓါတ်ပုံအယ်လ်ဘမ်ကိုတွေ့အောင်ရှာသည်။နှယ်နှယ့်အခန်းထဲက အဝတ်ဘီရိုထဲတွင်သွားတွေ့ရ၏။ ဘာကြောင့် ဓါတ်ပုံအယ်လ်ဘမ်ကို အလွယ်တကူမမြင်ရအောင် ဝှက်ထားတာလဲ။ တစ်ရွက်ချင်းလှန်ကြည့်လိုက်တော့ အဖြေပေါ်လာသည်။

နှယ်နှယ်၏ တခြားဓါတ်ပုံများအပြင် နှယ်နှယ်နှင့်အောင်မြတ်ဦး တွဲရိုက်ထားသောဓါတ်ပုံများ။ သူတို့ဘာတော်ကြသလဲ။နှယ်နှယ်က နှစ်ယောက်တွဲရိုက်ထားတဲ့ပုံတွေကို မမြင်စေလိုသဖြင့်၊ဧည့်ခန်းထဲရှိဓါတ်ပုံများတွင် အတွဲဖြစ်သည့်အောင်မြတ်ဦးနေရာကို၊ဆုတ်ဖြဲထား





ကြောင်း သဘောပေါက်သွား၏။ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ ဒီကိစ္စကို ရှင်းရှင်းလင်းလင်းသိရမှဖြစ်မည်။ နှယ်နှယ်ပြန်လာလျှင် ရှင်းဖြစ်အောင်ရှင်းရတော့မည်ဟု ပြည်ငြိမ်းကဆုံးဖြတ်လိုက်၏။

ထိုအခိုက် အခန်းဝတွင်ခြေသံကြားသဖြင့်၊ နှယ်နှယ်ထင်ကာ လှည့်ကြည့်လိုက်သောအခါ ..

မထင်မှတ်ပဲ ဒေါက်တာအောင်မြတ်ဦးဖြစ်နေတာတွေ့ရလေသည်။သူက မျက်ထောင့်နီကြီးနှင့်ကြည့်ကာ

"မင်းက နှယ်နှယ့်အခန်းထဲ ဘာဝင်လုပ်နေတာလဲ"

ဟု မေးလိုက်လေသည်။ပြည်ငြိမ်းက ထရပ်ကာရင်ဆိုင်လိုက်သည်။

"ခင်ဗျားမှာ .. ဒီစကားပြောဖို့ ပြောပိုင်ခွင့် ရှိရဲ့လား"

ဟု ပြည်ငြိမ်းကပြောတော့၊ အောင်မြတ်ဦးကသရော်ပြုံးပြုံးကာ ..



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း .. မင်းလက်ထဲက အယ်လ်ဘမ်ကို ကြည့်ပြီးရောပေါ့"

"ခင်ဗျားတို့က ဘာတွေလဲ.."

"တို့က လင်မယားလေ"

သူ့စကားကြောင့် ပြည့်ငြိမ်းအံ့အားသင့်သွား၏။ နွယ်နွယ်ကပြောတော့ သူတစ်ခါမှ လက်မထပ်ခဲ့ဖူး ဟု ဆို၏။ အောင်မြတ်ဦးက သူ့ရှေ့ကိုချဉ်းကပ်လာကာ ..

"ဒါကြောင့် မင်းကိုငါက နွယ်နဲ့ခတ်ဝေးဝေးနေလို့ ပြောခဲ့တာပေါ့။ အဲဒါတောင်မှ မနက်ကငါရောက်လာတော့ မင်းတို့ဖက်နေကြတယ်။ ဒီအတွက် မင်းကို ကောင်းကောင်းဆုံးမရမယ်"

သူ့ကိုပြေးကာထိုးသည်။ သူကလည်း အပြန်အလှန်ထိုး၏။ သို့သော် သူကထိုးအကြိတ်ကျွမ်းကျင်သူမဟုတ်။ခဏနေတော့ နှစ်ယောက်သားလုံးထွေးကာ ကြမ်းပြင်ပေါ်လဲကျသွားသည်။ အောင်မြတ်ဦးက အပေါ်စီးမှ ခွစီးကာ သူ့ကိုလည်ပင်းညှစ်ထား၏။ သူရုန်းထွက်၍မ





ရလက်တွေကို ဆွဲဖယ်၍လည်းမရ။အသက်ရှုတကြည်းကြည်းကြပ်လာ၏။ ဒီအတိုင်းသာဆို သူသေရတော့မည်ထင်သည်။

ထိုအချိန်မှာပင်.. ခွတ်ကနဲ အသံတစ်ချက်ကြားလိုက်ရကာ၊ သူ့အပေါ်မှာ ခွစီးထားသည့် အောင်မြတ်ဦး၏ခန္ဓာကိုယ်ကြီးက တစ်ဘက်သို့စောင်းလဲကျသွား၏။ နောက်တွင် တုတ်ကိုင်ကာရပ်နေသော လူထွားကြီးတစ်ယောက်ကိုတွေ့ရ၏။ သူ့နောက်ကို မြို့ထဲတွင် နောက်ဆောင်ခံလိုက်လာသော ကုတ်အင်္ကျီအနက်နှင့် လူကြီးဖြစ်နေ၏။ သူက ထိုင်ရာမှထ, ကာ ကြည့်လိုက်တော့ အသက်ပျောက် နေဟန်တူသော အောင်မြတ်ဦးကို တွေ့လိုက်ရ၏။ ပြည့်ငြိမ်းက ..

"သူသေနေပြီ"

"သူမသေရင် မင်းသေမှာပဲ"

"သူ့ကို ခင်ဗျားသတ်လိုက်တာ .."

"သူက မင်းကိုသတ်မလို့ လုပ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး၏ စကားတွေက မှန်သင့်သလောက် မှန်နေ၏။

"ကျွန်တော် ရဲကိုခေါ်လိုက်မယ်"

"မင်းရူးနေပြီလား။မင်းရောဂါရော ထောင်ထဲမှာ နှစ်ပေါင်းများစွာ သွားနေရလိမ့်မယ်"

သူ့ကို ရဲအုပ်ဘုန်းမော်က သေသေချာချာ သတိပေးထားသည်။ ရာဇဝတ်မှုတွေနှင့် ကင်းကင်းရှင်းရှင်း နေဖို့။ ရဲက ဤကိစ္စနှင့်ပတ်သက်လာလျှင် သူ့ကိုပါဆွဲထည့်မှာက အသေအချာပင်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ.."

"လွယ်ပါတယ်၊ အိမ်နောက်ဘက်က တောအုပ်ထဲသွားပစ်ထားမယ်။မင်းဒီကိစ္စကို ဘယ်သူ့ကိုမှမပြောနဲ့"

နောက်ဆုံးမှာ ဒီလူကြီး၏ဆန္ဒကို လိုက်လျောတော့သည်။ မကြာခင် နွယ်နွယ်တို့ ပြန်ရောက်လာလိမ့်မည်။ ပြန်ရောက်မလာခင် ဤကိစ္စကိုပြီးပြတ်အောင်ရှင်းရဖြစ်လိမ့်မည်။ သူတို့နှစ်ယောက် အလောင်းကို၊ ခက်ခက်ခဲခဲပင် အိမ်နောက်ဘေးက တောအုပ်အစပ်ထဲမှ ကာသယ်လာခဲ့ကြ၏။ အနီးတွင် လူနေအိမ်မရှိသဖြင့်လည်းကောင်း၊ ညမှာ မှောင်မိုက်စ ပြုနေပြီ ဖြစ်သဖြင့်လည်းကောင်း၊ သူတို့ကို ဘယ်သူမှမမြင်ကြ။

တောအစပ်တွင် အနည်းငယ်ချိုင့်နေသော ချိုင့်ခွက်တစ်ခုရှိရာ၊ထိုချိုင့်ခွက်ထဲတွင် အလောင်းကိုထည့်၍ အပေါ်က သစ်ရွက်များ၊ အမှိုက်များဖြင့် ဖုံးအုပ်ထားခဲ့၏။ အခုမှ လူထွားကြီးကိုမေးရ၏။

"ခင်ဗျား ..ဘယ်သူလဲ"

"ငါ့နာမည်က မင်းဒင်"

"ခင်ဗျား ကျုပ်နောက်ကို ဘာလို့လိုက်နေရတာလဲ.."

"မင်းကို ကူညီချင်လို့"

"ခင်ဗျားကိုမှ ကျွန်တော်ကမသိပဲ"

"မင်းကိုတော့ ငါကသိတယ်"







www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားက ဤမှာပင်ရပ်သွားသည်။မင်းဒင်ဆိုသူက –

"ဒီကိစ္စ ဘယ်သူမှမသိစေနဲ့"

ဟု ပြောကာပြန်သွားသည်။ သူက အိမ်ထဲဝင်ခဲ့ကာ လက်ဆေး မျက်နှာသစ်ရန်ပြင်၏။ဒီတော့မှ ရေချိုးခန်းမှန်ထဲတွင် သူ့ရှပ်အင်္ကျီ၌ သွေးတွေ စွန်းပေနေတာ မြင်လိုက်ရ၏။အလောင်းကိုမ,စဉ်က သူက ခေါင်းဘက်က မ,ခဲ့၏။ဒါကြောင့် ခေါင်းကထွက်သောသွေးတွေစွန်းခဲ့ခြင်းဖြစ်မည်။

သူကရှပ်အင်္ကျီကိုအမြန်ချွတ်ကာ အဝတ်ဟောင်းခြင်းထဲထည့်၏။ နွယ့်နွယ့်အခန်းထဲသွားကာ ကြမ်းပြင်တွင်စွန်းထင်းနေသော၊သွေးတချို့ကိုသုတ်သင်ရှင်းလင်း၏။ ပြီးတော့ ရေကိုတဝကြီး ခေါင်းကလောင်းကာ စိမ်ချိုးလိုက်၏။

ဘာတွေဖြစ်ကုန်သနည်း။

ဤဓာတ်မြို့ကလေးသို့ ပြန်လာခဲ့သည်မှာ၊သူ့အ





တွက်တော့ ကြမ္မာငင်ခြင်းပင် ဖြစ်သည်။ ယခုတော့ လူသတ်မှုတစ်ခုနှင့်ပင် ပတ်သက်မိလေပြီ။ ဘာပဲဖြစ်ဖြစ်နွယ်နွယ်မြင့်ပြန်လာလျှင်၊ ဤကိစ္စကိုရှင်းမှဖြစ်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဘယ်သူက လာကူညီနိုင်မှာလဲ။ တကယ်လူသတ်မှုကို ကျူးလွန်ခဲ့သူက၊ မင်းဒင်သာဖြစ်သည်။ သို့သော် မင်းဒင် ဘယ်မှာနေမှန်းမသိ။ ဒီတော့ သူ့ကိုအကူအညီတောင်းဖို့ ဆိုသည်မှာ မလွယ် ---

( ၄ ) ပျောက်ဆုံးသွားသော လူသေ



www.burmeseclassic.com

www.burmeseclassic.com



## ( ၄ ) ပျောက်ဆုံးသွားသော လူသေ

သူ ..အခန်းထဲ၌ အဝတ်အစားလဲနေစဉ် ကားသံကြားရသည်။ နှယ်နှယ်နှင့်မူယာတို့ အငှားကားဖြင့်ပြန်လာခြင်းဖြစ်သည်။ တော်တော်ကြာတော့ သူ့ကိုညနေစာစားဖို့မူယာကလာခေါ်သည်။ညစာစားပွဲတွင် သူ့အဲတော်ပင်ထိမ်းချုပ်ထားရ၏။ ဤကိစ္စတွေကို မူယာ၏ရှေ့တွင်ထုတ်ဖော် မပြောချင်သောကြောင့်ဖြစ်သည်။ မူယာနှင့်နှယ်နှယ်ကတော့ မြို့ထဲကိုဈေးဝယ်ထွက်ခဲ့ကြသည့် အ



www.burmeseclassic.com

www.burmeseclassic.com



တွေ့အကြံ့ကို စားမြုံ့ပြန်နေကြ၏။ကြာတော့ သူသည်း မခံနိုင်တော့။ ထိုင်ရာမှ ထ,ရပ်ကာ ..

"နွယ် .. မင်းနဲ့ငါ စကားပြောစရာရှိတယ်"

"ရှိရင် ပြောလေ .. ကိုငြိမ်း"

"နှစ်ယောက်ထဲပြောမှဖြစ်မယ်။ ငါ အခန်းထဲက စောင့်နေမယ်"

မှုယာကသူ့ကို အကဲခတ်သလိုကြည့်နေတာ၊ သတိထားလိုက်မိသည်။ ပြည့်ငြိမ်း ထမင်းစားခန်းထဲက ခတ်သွက်သွက်ထွက်လာခဲ့သည်။ခဏနေတော့၊နွယ်နွယ် သူ့အခန်းထဲရောက်လာသည်။ သူကမြင်တွေ့ရသည်နှင့်

"ကဲ .. နွယ်နွယ် မင်းဘယ်လိုရှင်းမလဲ"

ဟု မေးလိုက်တော့ နွယ်နွယ်က မသိနားမလည် သလိုနှင့် ..

"ဘာကိုရှင်းရမှာလဲ ကိုငြိမ်း"

"ဆက်ပြီးဟန်ဆောင်ဦးမလို့လား။ မင်းနဲ့အောင် မြတ်ဦးရဲ့ ကိစ္စကိုပြောတာ။ မင်းပြောတော့ မင်း





က .. တစ်ကြိမ်မှ လက်မထပ်ခဲ့ရသေးဘူးဆို။ အောင်မြတ်ဦးကပြောတော့ မင်းကသူ့ဇနီးတဲ့"

ဒီတစ်ခါတော့ နွယ်နွယ်ငိုင်တွေ၍သွားသည်။

"ပြောစမ်းပါဦး .. မင်းကဘာလို့ ငါ့ကိုလိမ်ညာ ထားရတာလဲ"

ဆိုတော့ နွယ်နွယ်က သက်ပြင်းချကာ ညိုးငယ် သောမျက်နှာဖြင့် ..

"တကယ်တော့ ဒါကလည်း အမှန်တရားမဟုတ် ပါဘူး ကိုငြိမ်း"

"မင်းဆိုလိုချင်တာက ဘာအဓိပ္ပါယ်လဲ"

"ဒီလိုပါ.. သူနဲ့ကျွန်မ လက်ထပ်ခဲ့တယ်ဆိုတာ လည်း မှန်ပါတယ်။ အဲဒါက ရှင်ဘယ်တော့ပြန် လာမယ်ဆိုတာ မျှော်မှန်းလို့မရတဲ့အချိန်ကပေါ့၊ ဒါပေမယ့် တစ်သက်တာထာဝရ ကျွန်မရင်ထဲမှာ ရှိနေတာကတော့ ရှင်တစ်ယောက်တည်းပါ"

ပြည့်ငြိမ်းရင်ထဲကဒေါသတွေ အတော်အတန်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်၍သွားသည်။ နွယ်နွယ်က ဘာတွေ ရှင်းပြလေမလဲ။ သူကပို၍ စိတ်ဝင်စားလာ၏။

"ဒါပေမယ့် လွန်ခဲ့တဲ့တစ်နှစ်လောက်ကပဲ သူနဲ့ ကျွန်မ်နဲ့ ကွာရှင်းပြတ်စဲထားခဲ့ကြပါတယ်"

"ဘာကြောင့်လဲ .."

"သူက.. လင့်ဝတ္တရား လုံးဝမကျေပွန်တဲ့အပြင်၊ ရှာဖွေရသမျှ လောင်းကစားပစ်နေတဲ့ အရက်သမားတစ်ယောက်မို့ပါ။ သူက .. မူးယစ်လာရင် ကျွန်မကို အပြစ်ရှာပြီး ရိုက်နှက်တတ်ပါသေးတယ်"

စိတ်ပျက်လက်ပျက်နှင့် နီးရာ တုလားထိုင်ပေါ် သူထိုင်ချလိုက်မိသည်။ ဒီလူကသူထင်သလို လူကောင်းတစ်ယောက် မဟုတ်နိုင်တာကတော့ သေချာသည်။ သို့သော်..လူကောင်းတစ်ယောက် မဟုတ်သည့်ကိုအောင် လူလူချင်း သတ်တာကိုတော့ တရားဥပဒေက ခွင့်ပြုထားပါ။





နွယ်နွယ်က တယ်လီဖုန်းဆက်နေသည်။ ပြီးမှ တစ်ဘက်က အဆက်အသွယ်မရသည့်ဟန်ဖြင့် ဖုန်းကို ပိတ်လိုက်၏။ ပြည်ငြိမ်းက ..

"မင်း .. ဘယ်သူ့ဆီဆက်တာလဲ.."

"ကိုအောင်မြတ်ဦးဆီ၊ သူ့ကို ဒီကိုလာပြီး ရှင့်ကို ရှင်းပြနိုင်းမလို့ပဲ။ သူနဲ့ကျွန်မ ဘာမှမပတ်တော့ဘူး ဆိုတာကိုပေါ့။ သူ တယ်လီဖုန်းမကိုင်ဘူး"

ဒီစကားကို ကြားလိုက်ရတော့၊ ပြည်ငြိမ်းသည် ဟန်မဆောင်နိုင်ပဲ မျက်နှာပျက်သွား၏။ ကွယ်လွန်ပြီးသောလူတစ်ယောက်က ဘယ်လိုလုပ်ဖုန်းစကားပြောနိုင်ပါမည်နည်း။ အမူအယာပျက်သွားသော သူ့ကိုကြည့်ကာ နွယ်နွယ်မြင့်က ..

"ကိုငြိမ်း ရှင်ဘာဖြစ်နေတာလဲ၊ နေမှကောင်းရဲ့လား"

"ကောင်း .. ကောင်းပါတယ် နွယ်နွယ်"

www.burmeseclassic.com



သူ နှုတ်ဆက်ကာ .. သူ့အခန်းပြန်လာပြီး အိပ်လိုက်၏။ သို့သော် ကောင်းကောင်းအိပ်မပျော်။ နောက်ဘက်တောစပ်ရှိကြွင်းထဲမှာ သစ်ရွက်ခြောက်တွေဖုံးကာထားခဲ့သည့်၊ အောင်မြတ်ဦး အလောင်းကြီးကိုသာ မျက်လုံးထဲတွင် မြင်ယောင်၍လာ၏။ အလောင်းကြီးက လဲနေရာမှ ထ,ကာ သူ့အခန်းထဲရောက်နေသလို စိတ်ထဲက မလုံမလဲ။ အသံပဲကြားရသလိုလို၊ အနံ့ပဲရသလိုလို။

မဖြစ်တော့။

ဒီအလောင်းကြီးကို ဒီအတိုင်းထားရတာ၊ ဘယ်လိုနည်းနဲ့မှ လုံခြုံမှုမရှိ။မနက်ရောက်လျှင် ဒီအလောင်းကြီးကို ဘယ်သူမှ မမြင်အောင်၊ သေသေချာချာ ဖျောက်ဖျက်ပစ်မှ ဖြစ်ပေတော့မည်။

သို့သော် ..

သူ့ကို ဘယ်သူကလာကူညီမှာလဲ။ တကယ် လူသတ်မှုကို ကျူးလွန်ခဲ့သူက မင်းဒင်သာဖြစ်သည်။ သို့သော် မင်းဒင်က ဘယ်မှာနေမှန်းမသိ။ ဒီတော့.. သူ့ကို





အကူအညီတောင်းဖို့ ဆိုတာက ထင်သလောက်မလွယ်။

သူ့ခေါင်းကို မြန်မြန်အလုပ်ပေးလိုက်၏။ သူတဒီမြို့မှာ မွေးဖွားလာခဲ့သူ။ ဒီတော့ အသိအကျွမ်းကများသည်။ တခြားသူတွေက ကြာပြီဖြစ်၍မမှတ်မိသည့်တိုင်အောင်၊ ငယ်သူငယ်ချင်းဆိုတာက မမှတ်မိစရာမရှိ။ သူ မနေ့က မြို့ထဲရောက်တော့၊ ကျော်မောင့် ဆိုင်ကိုတောင် တွေ့ရသေးသည်။ "ကျော်မောင်စတိုး" ဆိုသော ဆိုင်းဘုတ်ကလေးချိတ်ထား၏။ ဤနေရာကလေးက သူ့မိဘများ လက်ထက်ကတည်းက နေထိုင်ခဲ့သည့် နေရာကလေးဖြစ်၏။

မနက်ကျလျှင် ကျော်မောင်ကိုသွားတွေ့ကာ အကူအညီတောင်းမည်ဟုတွေးလိုက်မိတော့မှ၊ရင်ထဲတွင်အတန်ငယ်ပေါ့ပါးကာ သူအိပ်ပျော်ခြင်းအဆင့်သို့ ရောက်ရှိသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ခတ်စောစောပင်၊သူမြို့လယ်သို့ထွက်လာခဲ့သည်။မြို့လယ်ဈေးအနီးတွင်ကျော်မောင်၏ ဆိုင်ရှိသည်။ ကျော်မောင်စတိုးဟု ဆိုင်းဘုတ်ကလေး ချိတ်ထားသည်။ ငယ်ငယ်ကတည်းက မျက်မှန်ထူထူနှင့် ဒီကောင့်ရုပ်ရည်က အူတူတူအတတ ပုံစံဖြစ်၏။ အခုပဲကြည့်လေ၊ စတိုးဆိုင်ကို နာမည်လှလှလေးတစ်ခုရွေးချယ်ကာပေးဖို့ ကောင်းရဲ့သားနဲ့၊ လွယ်လွယ်ကူကူ "ကျော်မောင်စတိုး"ဟုသာ ပေး၍ထားလေသည်။

ဆိုင်ဖွင့်စမို့ ဆိုင်ထဲတွင် လူတော်တော်ရှင်းနေ





၏။ ဆိုင်မှ အရောင်းဝန်ထမ်းတွေပင် ရောက်သေးဟန်မတူ။ကျော်မောင်သာ ပစ္စည်းတွေကိုကြက်မွှေးတစ်ချောင်းဖြင့် ဖုန်သုတ်နေတာတွေ့ရ၏။ ဆိုင်ထဲဝင်လာသည့်ခြေသံကြားတော့၊ကျော်မောင်ကလှည့်ကြည့်ကာ သူ့ကိုဝယ်သူထင်မှတ်ပြီး ..

"ဘာများ အလိုရှိပါသလဲ .. ခင်ဗျာ"

ဟု တလေးတစားမေး၏။ သူ့ပုံစံနှင့် လေသံကို ကြားရမြင်ရတော့ ပြည်ငြိမ်းက ရယ်ချင်သွားကာ ..

"ဒီလောက်.. ရိုသေနေစရာမလိုပါဘူး လေးလုံးရယ်"

ဟုပြောလိုက်မိ၏။ကျောင်းတွင်နေစဉ်က၊သူငယ်ချင်းတွေက ကျော်မောင်ကို လေးလုံးဟုနောက်ပြောင်ပြီး ခေါ်ဝေါ်ကြလေသည်။ ကျော်မောင်က သူငယ်ငယ်ကနာမည်ပြောင်ကို ထုတ်ဖော်ခေါ်လိုက်သည့်အတွက် အံ့ဩ၍သွားကာ ..

"ခင်ဗျားဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း.. မမှတ်မိဘူးလား၊ ငါက အရှည်ကြီးခေါ်ပြည်ငြိမ်းလေ"

ဒီတော့မှ ကျော်မောင်ကမှတ်မိသွားကာ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်၏။ သူကျောင်းနေစဉ်က နာမည်ပြောင်က အရှည်ကြီးဖြစ်၏။သူက ရွယ်တူကျောင်းသားတွေထဲတွင် ခေါင်းတစ်လုံးမျှ ပိုရှည်ခဲ့သောကြောင့်ဖြစ်၏။

"မင်းတို့ငါတို့ ကွဲသွားတာ အနှစ်(၃၀)လောက်ရှိရော့မယ်"

"၂၅နှစ်ပါကွာ"

"မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ.."

"နှစ်ရက်လောက်ရှိပြီ။ ငါအကူအညီလိုလို့ မင်းဆီလာတာ"

"ငွေရေးကြေးရေးလား။ ငါ့စီးပွားရေးကို မင်းအပြင်ကကြည့်ပြီး အထင်ကြီးနေတယ်ထင်တယ်။ ငါ့မှာ ကလေးလေးယောက်ရဲ့တာဝန်ကို မနည်း





ထမ်းနေရတာ။ အကြီးမက တက္ကသိုလ်တက်နေပြီ။ အေးလေ မင်းက ဒီအထိအောင် ရောက်လာတဲ့အတွက် အနည်းအကျဉ်းတော့ ချေးရမှာပေါ့။ ဘယ်လောက်လဲ .. ပြော"

"ငါက ငွေချေးမလို့ လာတာမဟုတ်ဘူး"

အတန်ငယ်အံ့သြသွားကာ ..

"ဒါဆို ဘာလဲ .."

"မင်းလန့်မသွားနဲ့ဦး၊သေသေချာချာနားထောင်"

သို့တိုင်အောင် သူပြောသည့်စကား ကြားရသောအခါ ကျော်မောင်သည် လန့်ဖြတ်၍သွား၏။

"မင်း အလောင်းဖျောက်ဖျက်တဲ့ နေရာမှာ ငါက အကူအညီပေးရမယ် ဟုတ်လား"

"ဟုတ်တယ်။မင်းက ဒီမြို့မှာတော့ ငါ့ရဲ့တစ်ဦးတည်းသော သူငယ်ချင်းပဲ"

"ဒါ .. ရာဇဝတ်မှုကွ"

"အဲဒါကြောင့် ငါက ရဲကိုလည်းမတိုင်ရဲ။တခြား



www.burmeseclassic.com

www.burmeseclassic.com



သူတွေ၊အလောင်းကိုမြင်သွားမှာလည်း ကြောက်
နေတာပေါ့"

"မင်းဒင်ဆိုတဲ့ ငနဲကိုခေါ်ပြီး အကူအညီတောင်
လေကွာ။ အောင်မြတ်ဦးကို သူသတ်လိုက်တာ
ဟုတ်လား"

"ဒီငနဲကို ငါက ဘယ်မှာရှာရမှန်းမသိဘူး။ အ
တလော ပျောက်ချက်သားကောင်းနေတယ်။ဒီမြို့
ကတောင်ထွက်သွားပြီလား မသိဘူး။ ဒါဆို အ
ဖြစ်အားလုံးက ငါ့အပေါ်ပုံကျလာမယ်"

နောက်ဆုံး အထပ်ထပ်အခါခါ တောင်းပန်ပြော
ဆိုတော့မှ၊ စိတ်မသက်မသာ အမူအယာဖြင့် ..

"ကောင်းပြီလေ။မင်း ဒုက္ခတွေ့နေတယ်ဆိုတော့
လည်း ကူညီရမှာပေါ့။ ငယ်သူငယ်ချင်း အချင်း
ချင်း ဘယ်လှစ်လျူရှုထားလို့ဖြစ်ပါ့မလဲ"

"ဒါဆို.. ဒီနေ့ည (၇)နာရီ။ အဲဒီအိမ် အနောက်
ဘက်က တောစပ်မှာဆုံကြမယ်"





ည(၇)နာရီမထိုးမီမှာပင်ပြည်ငြိမ်းက အိမ်နောက်
ဖေးတောအုပ်အစပ်က စောင့်စားနေခဲ့သည်။ညစာထမင်း
စားပြီးတော့ သူက သူ့အခန်းထဲမှာ အနားယူဦးမည်ဟု
ပြောကာ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဒီအချိန်ဆို အပေါ်
ထပ်ဧည့်ခန်းထဲတွင် နွယ်နွယ်နှင့်မှုယာက ရုပ်မြင်သံ
ကြားမှပြမည့် ကိုရီးယားဇာတ်လမ်းတွဲတစ်ခုကို စောင့်
စားကြည့်ရှုလေ့ရှိကြ၏။ သူကတော့ ကိုရီးယား ဇာတ်
ကားတွေကိုမကြိုက်။ အထူးသဖြင့် တချို့ဇာတ်လမ်းတွဲ
တွေမှာ ဘာမှမဟုတ်ပဲ အပိုင်း(၅၀)ကျော် (၆၀)ကျော်ထိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆွဲဆန့်ထားသဖြင့်၊ တစ်ခါတစ်ရံ ကြည့်နေရင်း
ချင်းရှိမိသည်။

ဓာတ်လမ်းဆိုသည်က ကြိုတင်သိရှိမထားပဲ မ
ထင်မှတ်သည့် လှည့်ကွက်တွေ၊ အပြောင်းအလဲတွေနှင့်
ပြည့်နှက်နေရမည်။မကြာမီ တောစပ်ကိုမောင်းလာသည့်
မြန်မာလုပ် ဂျစ်ကားကလေးကိုတွေ့ရ၏။ကျော်မောင်ပင်
ဖြစ်ပါသည်။ သူက ကျော်မောင်ကိုဆီးကြိုကာ ..

"သူငယ်ချင်း .. မင်းရောက်လာတာ အတော်ပဲ။
ကျေးဇူးပဲ"

"တို့မြန်မြန် ရှင်းကြရအောင်၊ ငါတော့ တွေးပြီး
ကြောက်လာနေပြီ။ မင်းအလောင်းကြီးက ဘယ်
မှာလဲ"

"ငါ့အလောင်း မဟုတ်ပါဘူး"

"မင်းနဲ့ ပတ်သက်တဲ့အလောင်းလို့ ငါက ရည်
ရွယ်ပြီးပြောတာ"

"လာ ..လာ ..ငါ့နောက်လိုက်ခဲ့"





သူတို့ နှစ်ယောက်လုံးပင် လက်နှိပ်ဓါတ်မီးတွေ
ပါသည်။မြေတူးရန် ပေါက်တူးဂေါ်ပြားကိုလည်း ကျော်
မောင်က သယ်ဆောင်လာခဲ့၏။ အချိန်မလင့်မီ မြန်မြန်
ပြီးအောင်လုပ်ရမည်။သို့သော် မှောင်မည်းမည်းတောစပ်
တွင် လက်နှိပ်ဓါတ်မီးငယ်ကိုသာ အားပြုနေရသဖြင့်၊အ
လောင်းထားခဲ့ရာဂနေရာကို ရုတ်တရက် ရှာမတွေ့ပဲ ဖြစ်
နေ၏။ မြေပြင်တစ်ခုလုံးမှာ ရွက်ကြွေတွေ ဖုံးနေသဖြင့်
ရွေးမရ ခွဲမရဖြစ်နေ၏။

"မြန်မြန်လုပ်ကွာ"

ကျော်မောင်က စိတ်မရှည်သလိုပြောသည်။

"ရှာနေတာပဲကွ။ ဟော .. တွေ့ပြီ"

သူက ချိုင့်ကြွင်းဘေးက ခြုံပုတ်ငယ်ကို အမှတ်
ရသွား၏။ထိုခြုံပုတ်တွင် ဘာမှန်းမပြောတတ်သည့်၊ပန်း
ပွင့်ဖြူကလေးတွေ ပွင့်၍နေ၏။

"ဟောဟိုခြုံပုတ်ရဲ့ ခြေရင်းမှာပဲ"

ကြွင်းကိုတွေ့ပါ၏။ မြေပြင်က အနည်းငယ်နိမ့်



www.burmeseclassic.com

www.burmeseclassic.com



နေသောသဘာဝဖြစ်ချိုင့်ငယ်။မိုးရာသီတွင်ရေစီးကြောင်း [illegible]ကြောင့် ဖြစ်ပေါ်လာပုံရ၏။ ပြည့်ငြိမ်း [illegible]သွားတော အုလျားဖါးလျား သစ်ရွက်ကြွေတွေကို ဖယ်ရှားလိုက်၏။ ဒီသစ်ရွက်ကြွေတွေအောက်တွင် လူသေအလောင်းကိုထားခဲ့သည်။

သို့သော် ..

သစ်ရွက်ကြွေတွေကို ဖယ်ရှားလိုက်တော့၊ ရှင်းလင်းသွား၏။ သို့သော် အလောင်းကို မတွေ့။ သေဆုံးနေသူက ထ, လမ်းလျှောက်သွားသကဲ့သို့ အလောင်းက ပျောက်ဆုံးခြင်းမလှ ပျောက်ဆုံးနေပါလေတော့သည်။





“နယ်က ရှင့်ဘကြီးတစ်ယောက်ကွယ်လွန်သွားတော့ ရှင့်အတွက် အမွေတွေတော်တော်များများ ချန်ထားခဲ့တယ်။သိန်းထောင်ကျော်ပဲ။ဒါကြောင့် နှယ်နှယ်က ရှင့်ဆီကို စာရေးဆက်သွယ်ပြီး ..

## ( ၅ ) ဝက်ပါထောင်ချောက်



www.burmeseclassic.com

www.burmeseclassic.com


## ( ၅ ) ဝက်ပါထောင်ချောက်

"ဘယ်မှာလဲ အလှောင်း"

ကျော်မောင်ကအံ့သြတကြီး မြေပြင်ကိုငေးကြည့်နေသော ပြည်ငြိမ်းကို မေးလိုက်ခြင်းဖြစ်သည်။

"ပျောက်သွားပြီ"

"ဘာ .."

"ပျောက်သွားပြီ။ မနေ့ညက ငါတို့ အသေအချာ ဒီနေရာမှာ ထားခဲ့တာပဲ"


www.burmeseclassic.com

www.burmeseclassic.com



ကျော်မောင်က စိတ်ပျက်လက်ပျက်အမူအရာဖြင့် "ပျောက်သွားတယ်ဆိုရအောင် အလောင်းကြီးက ထပြီး လမ်းလျှောက်သွားလို့လား။ မဟုတ်သေးပါဘူးကွာ။ မင်း နေရာအကြည့်မှားတာ ဖြစ်ပါလိမ့်မယ်"

"မမှားပါဘူး။ ဒီခြုံပုတ်ကလေးကို ငါ သေသေချာချာမှတ်မိတာပဲ။ ပြီးတော့ တခြားနေရာမှာက ဒီလိုချိုင့်ဝှမ်းလေး ရှိတာလည်းမဟုတ်ဘူး"

ကြည့်နေရင်းပင် ကျောရိုးထဲကစိမ့်တက်လာကာ ပြည်ငြိမ်းသည် ကြက်သီးထ၍သွား၏။ ကျော်မောင့် စကားက ထိတ်လန့်စရာ။ အလောင်းကြီးကထပြီး လမ်းလျှောက်သွားလို့လားတဲ့။ ဖုတ်ဝင်သောအခါ ဤကဲ့သို့ပင် လူသေအလောင်းများသည်၊လမ်းထလျှောက်သွားကြသည်ဟု ကြားဖူး၏။

တကယ်ပင် ဒီလိုအဖြစ်မျိုး ကြုံနေလေပြီလား။ ထိုအခိုက်.. ခြေသံတဖျတ်ဖျတ် ကြားရတော့ သူတို့ပို၍





ထန့်သွားကြသည်။သူတို့နှစ်ယောက်လုံးရပ်နေပါလျက် ဘယ်ကခြေသံက ထွက်ပေါ်လာရသနည်း။ ခြေသံကမြေပြင်တွင် ကြွေကျနေသည့် သစ်ရွက်ခြောက်များကို၊ နင်းဘာသည့်ခြေသံမျိုးဖြစ်၏။

ပတ်ဝန်းကျင်တွင် အမှောင်ထုဖုံးလွှမ်းနေ၏။လရောင်က ခတ်မှိန်မှိန်လင်းနေသည် မှန်သော်လည်း သစ်ပင်အရိပ် လရောင်ကွယ်ရာ မြေပြင်တွင်မူ ဝိုးတဝါးအလင်းမျှသာရှိ၏။ ခြေသံကြားရာဘက် ကြည့်လိုက်တော့ သူတို့ဆီလျှောက်လာနေသော၊ မည်းမည်းအရိပ်ကြီးတစ်ခုကိုမြင်ရသည်။

"အောင်မယ်လေး"

ဟုအော်ရင်း ကျော်မောင်က သူ့အနီးတိုးကပ်ဝင်လာသဖြင့်၊ သူ့ကိုတိုက်မိကာ သူ့လက်ထဲက လက်နှိပ်ဓါတ်မီး လွတ်ကျသွား၏။အခြေအနေက ပိုဆိုးသွား၏။ ရှေ့က ချဉ်းကပ်လာသည့် မည်းမည်းအရာကို လက်နှိပ်ဓါတ်မီးနှင့် ထိုးကြည့်ဖို့ ကြံရွယ်ချက်မှာ ပျက်ပြား၍



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူ ထွက်ပြေးရလျှင် ကောင်းလေမည်လား။ လုလုချင်းမကြောက်လှသော်လည်း မကြုံဖူးသည့် သရဲ တစ္ဆေတစ်ကောင်နှင့် ရင်ဆိုင်ဖို့ကျတော့ သူရွံ့၍နေ၏။

ထိုအခိုက် မည်းမည်အရာဝတ္ထုထံမှ အသံထွက် ပေါ်လာ၏။ အသံက ..

"ရှင်တို့ ဒီမှာ ဘာလုပ်နေတာလဲ ကိုငြိမ်း"

နွယ်နွယ်မြင့်၏ အသံဖြစ်သည်။ တဆက်တည်း မှာပင် နွယ်နွယ်မြင့်ကိုင်ထားသော လက်နှိပ်ဓါတ်မီး၏ အလင်းရောင်က သူတို့နှစ်ယောက်အပေါ်ထိုးကျလာ၏။ ဒီတော့မှ သူသက်ပြင်းချလိုက်မိသည်။ ပြည်ငြိမ်းက ..

"မသ်ကာစရာအသံတွေကြားလို့ လာရှာတာပါ"

"ဝံပုလွေတွေဖြစ်လိမ့်မယ်။ ဝံပုလွေတွေက တစ် ခါတစ်လေ ညဘက် အစာရှာထွက်ရင်း မျက်စိ လည်ပြီးရောက်ရောက်လာတတ်တယ်။အန္တရာယ် များတယ်။ အထဲဝင်ရအောင် ကိုငြိမ်း"

သူ့ကိုတိုးတိုးနှုတ်ဆက်ကာ ကျော်မောင်ကလစ်





၍သွားလေသည်။ နွယ်နွယ်နှင့်အတူပြည်ငြိမ်းကအိမ်ထဲ ပြန်ဝင်လာခဲ့သည်။ အခုမှ ပြည်ငြိမ်းက မီးဖိုခန်းထဲက အဝတ်ဟောင်းခြင်းထဲမှာသွေးစွန်းနေသောသူ့အကျီထည့် ခဲ့တာကို သတိရလာသည်။

ဒီအကျီကို နွယ်နွယ်တွေ့သွား၍မဖြစ်။ ခြင်းထဲ တွင်အကျီရှာနေစဉ် အနီးကိုမှူယာရောက်လာကာ ..

"ရှင့်ရဲ့အကျီကိုရှာနေတာလား။ စိတ်ပူမနေပါနဲ့ ကျွန်မ မီးရှို့ပစ်လိုက်ပါပြီ"

ဟု ပြောတော့ ပြည်ငြိမ်းအံ့အားသင့်သွားသည်။ ဤမိန်းမက ဘာတွေသိထားသလဲ။ ဘာကြောင့်သူ့အကျီ ကို သူ့ကိုယ်စား ဖျောက်ဖျက်ပေးရတာလဲ။

"ဒီကိစ္စတွေကို နွယ်နွယ်မသိဘူး။ သိလို့လည်း မဖြစ်ဘူး"

"ခင်ဗျားကဘာလို့ ခုလိုဖောင်ရွက်နေရတာလဲ"

"အဲဒီအကြောင်းတွေက ရှည်ရှည်ဝေးဝေးရှင်းပြ ရမှာ။ မနက်ဖြန် မြို့လယ်က ရွှေနန်းတော် အား



www.burmeseclassic.com

www.burmeseclassic.com



သောက်ဆိုင်မှာ ဆုံကြရအောင်။ အဲဒီတော့မှပဲ အားလုံးပြောပြမယ်"

ထိုစဉ် သူတို့အနားကို နွယ်နွယ်လျှောက်လာသ ဖြင့် မုယာက စကားဖြတ်ပြီး ..

"နွယ်နွယ်.. ညဆေးသောက်ဖို့အချိန်ရောက်ပြီ" ဟု ပြောကာ နွယ်နွယ့်အခန်းကို လိုက်သွား၏ ပြည်ငြိမ်းကတော့ သူ့အခန်းထဲ သူဝင်လာခဲ့သည်။

သူ့ဘဝသည် ဤမြို့ကလေးကို မရောက်ခင်၊ အ ချိန်အထိ ပုံမှန်အေးအေးလူလူရှိနေခဲ့သည်။ သို့သော် ဒီ မြို့ကိုရောက်သည်ကစ၍၊ ရင်ထိတ်စရာ အသည်းဖိုစရာ ကိစ္စတွေနှင့် ပတ်သက်ရှုတ်ထွေးလာရ၏။ ကြောက်စရာ ကောင်းသော လူသတ်မှုတစ်ခုနှင့်ပင် ငြိစွန်း၍နေရသော သည်။ သို့သော် သူ့ကိုမထင်မှတ်ပဲ ကူညီသူတွေ ရှိနေ တာက အံ့အားသင့်စရာ။တစ်ဦးက မင်းဒင်ဆိုတဲ့လူထွား ကြီး၊နောက်တစ်ယောက်က မုယာဆိုတဲ့သူနာပြုဆရာမ

ဘာပဲဖြစ်ဖြစ် .. ဒီကိစ္စတွေကို မနက်ဖြန်ကျရင်





တော့ အတော်အတန်သိရလိမ့်မည်ထင်ပါသည်။ ရွှေနန်း တော်မှာတွေ့ကြဖို့ မုယာကပင် စတင်ချိန်းဆိုခဲ့သည်။ဒီ အခွင့်အရေးကို သူ လက်လွှတ်ခံလို့ မဖြစ်တော့။

အိပ်တော့လည်း တစ်ညလုံးအိပ်မက်ဆိုးတွေ မ ပြတ်မက်နေသည်။ပျောက်ဆုံးနေသော အောင်မြတ်ဦး၏ အလောင်းကြီးက ဟိုနေရာကပေါ်လာလိုက်။ ဒီနေရာက ပေါ်လာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်သည် အတော်အတန်အဆင့်အတန်း မြင့်သော စားသောက်ဆိုင်ကြီး တစ်ဆိုင်ဖြစ်၏။ သူနှင့် မှုယာတို့က သီးသန့်အခန်းတစ်ခန်းထဲမှာ ဆုံကြသည်။ ဒီလိုအခန်းမှာဆိုတော့ စကားပြောရဆိုရတာ ပို၍ လွတ်လပ်၏။

"မင်းက ငါ့အကျီကို ဖျောက်ဖျက်ပစ်လိုက်တာ ဘာရည်ရွယ်ချက်နဲ့လဲ"

"ရှင့်ကို ကူညီချင်လို့ပေါ့"

"ငါက လူသတ်မှုတစ်ခုနဲ့ ပတ်သက်ခဲ့တယ်ဆို





တာတော့မှန်ပါတယ်။ ဒါပေမယ့် ငါ လူမသတ်ခဲ့ဘူး"

"ဒါဆို.. ကျုပ်သတ်တာလို့ ခင်ဗျားက ပြောချင်တာလား"

အခန်းထဲကိုဝင်လာသော မင်းဒင်က ပြောလိုက်ခြင်းဖြစ်၏။ ပြည်ငြိမ်း အံ့အားသင့်သွားသည်။ ဒီလူက လွတ်နေသောခုံတစ်ခုံတွင် အေးအေးသက်သာ ပုံစံဖြင့် ဝင်ထိုင်လိုက်ကာ ..

"ဒီလူက ခင်ဗျားကို သတ်တော့မယ်လုပ်နေလို့ ကျွန်တော်က ဝင်ကူခဲ့တာပါနော်"

"ခင်ဗျား ဘာကြောင့်ကူညီရတာလဲ။ ပြီးတော့မှုယာကရော ဘာကြောင့် ကူခဲ့ရတာလဲ။ ခင်ဗျားတို့နှစ်ယောက်ကရော ဘယ်လိုပတ်သက်သလဲ"

"ခင်ဗျားရဲ့ မေးခွန်းတွေကလည်း များလှချည်လား"

"ကျွန်မတို့ ရှင့်ကို ဒီနေ့ဖိတ်ခေါ်လိုက်ရတာဟာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတွေကို ပြောပြချင်လို့ပဲ။ အင်း… ဘယ်က စပြောရမယ်မှန်းတောင်မသိဘူး။ပထမ ရှင်သိထားခဲ့တာတွေဟာ တစ်ခုမှ အမှန်မဟုတ်ဘူးလို့ပဲ အရင်မှတ်ယူလိုက်ပါ”





အခုတော့ အားလုံးမှာ သူထင်မြင် မှတ်ယူခဲ့တာတွေနှင့် တစ်လွဲစီဖြစ်၍နေသည်။

အောင်မြတ်ဦးဆိုတာ ဒေါက်တာမဟုတ်။

မူယာကလည်း သူနာပြုဆရာမ မဟုတ်။

နွယ်နွယ်မှာလည်း ကင်ဆာရောဂါသာ မဟုတ်။ ဘာရောဂါမှ မရှိ။နွယ်နွယ်နှင့်အောင်မြတ်ဦးတို့က ဇနီးမောင်နှံဖြစ်သလို၊ မူယာနှင့် မင်းဒင်တို့ကလည်း ဇနီးမောင်နှံတွေ ဖြစ်ကြလေသည်။

မူယာက ..



www.burmeseclassic.com

www.burmeseclassic.com



"နယ်က ရှင့်ဘကြီးတစ်ယောက်ကွယ်လွန်သွားတော့ ရှင့်အတွက်အမွေတွေ တော်တော်များများ ချန်ထားခဲ့တယ်။သိန်းထောင်ကျော်ပဲ။ဒါကြောင့် နှယ်နှယ်က ရှင့်ဆီကို စာရေးဆက်သွယ်ပြီး သူသေရတော့မလို အယောင်ဆောင်နေတာပဲ။ ရှင်ကိုအမြန် လက်ထပ်ခိုင်းမယ်။ လက်ထပ်ပြီးတာနဲ့ ရှင့်ကို သူနဲ့အောင်မြတ်ဦးကတွဲပြီး လုပ်ကြံသတ်ဖြတ်ကြလိမ့်မယ်"

"ခင်ဗျားတို့က ဘယ်လို ပါဝင်ပတ်သက်နေတာလဲ .."

"ကျွန်မတို့လင်မယားကလည်း သူ့အိမ်မှာ နေကြတဲ့သူတွေလေ။ သူက ပူးပေါင်းကြဖို့ပြောတယ်။ ရှင်သေလို့ အမွေတွေရရင် ကျွန်မတို့ကိုလည်း ထိုက်သင့်သလိုခွဲပေးမယ်ပြောလို့ ကူညီနေရတာ"

ကြားရတဲ့စကားတွေက ခြောက်ခြားစရာ။





မင်းဒင်က ..

"နဂိုကတော့ ဒီကိစ္စကို အောင်မြတ်ဦးကလည်း သဘောတူခဲ့တယ်။ဒါပေမယ့်ဒီကိုခင်ဗျားရောက်လာပြီး သူ့မိန်းမနဲ့ တပူးတွဲတွဲနေတာကို မြင်ရတော့ သူ သဝန်တိုပြီး ပြဿနာရှာလာတာပါပဲ။ တစ်နေ့က ကျွန်တော်သာဝင်မကယ်ရင် ခင်ဗျားသေပြီ"

"ရှင်သေရင် အမွေတွေမရနိုင်တော့ဘူးလေ။ ဒါကြောင့်သူက ရှင့်ဘက်ကကူခဲ့ရတာပေါ့။ အမွေတွေရရင် ကျွန်မတို့လည်း ဒီမြို့မှာဆက်မနေကြတော့ပါဘူး။ ထွက်သွားဖို့ စိတ်ကူးထားတယ်"

"ဒီ အောင်မြတ်ဦးသေတာကို နှယ်နှယ် သိပုံမရသေးဘူး"

ပြည်ငြိမ်းက ပြောလိုက်တော့ ..

"ဘယ်သိဦးမလဲ။ အသိပေးလို့လည်းမဖြစ်ဘူး။ အောင်မြတ်ဦး သေပြီဆိုတာသာသိခဲ့ရင် သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို ထောင်ထဲထည့်မှာ အမှန်ပဲ။ သူက သူ့ယောက်ျားကို အင်မတန်ချစ်တာ"

"ဒီကိစ္စတွေကို ကျွန်တော့်ကိုခင်ဗျားတို့ဖွင့်ပြော ရတဲ့ရည်ရွယ်ချက်က ဘာလဲ..."

ပြည်ငြိမ်းက၊ပွင့်ပွင့်လင်းလင်းပင် မေးလိုက်၏၊ မှုယာက ..

"ကျွန်မတို့က.. ရှင့်ကို အကြောင်းစုံဖွင့်ပြောပြီး ရှင်နဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ကြတယ်လေ။ ရှင့်အတွက်လည်း ကျွန်မတို့က လူသတ်ခဲ့ပြီးပြ မဟုတ်လား။ ဒီတော့ ကျွန်မတို့နဲ့ပူးပေါင်းပါ"

"ကျွန်တော်တို့နဲ့တွဲမယ်ဆိုရင်ခင်ဗျား နွယ်နွယ် နဲ့လည်း လက်ထပ်ဖို့မလိုတော့ဘူး။ အမွေ ထုတ်ယူ ကျွန်တော်တို့နှစ်ယောက်ကိုနည်းနည် စီပေးပြီး၊ ကျန်တာကိုခင်ဗျားယူပြီး ဒီမြို့က ထွက်သွားပေတော့"

အခုတော့ .. ကြားလိုက်ရတဲ့ စကားတွေကြော



ပြည်ငြိမ်း ခေါင်းခြောက်၍သွားလေသည်။တကယ်တော့ ဝက်ပါလိုရှုတ်ထွေးလှသော၊ထောင်ချောက်တစ်ခုအတွင်း သို့ သက်ဆင်းမိခြင်းဖြစ်သည်။ဤထောင်ချောက်အတွင်း က သူ ဘယ်ကဲ့သို့ ရုန်းထွက်ရပါမည်နည်း။

"ဒါဆို အောင်မြတ်ဦး အလောင်းကြီးက .."

"ကျုပ်ကပဲ ... လုံခြုံတဲ့ တစ်နေရာကိုရွှေ့ထား လိုက်တာ။ အဲဒီနေရာမှာထားလို့ ဘယ်ဖြစ်မလဲ၊ လူတွေက လွယ်လွယ်ကူကူ တွေ့သွားနိုင်တယ် လေ။ ကဲ .. ဘယ်နှယ့်လဲ၊ ခင်ဗျား ကျုပ်တို့နဲ့ ပူးပေါင်းမယ်မဟုတ်လား"

မင်းဒင်က မေးလိုက်သည်။ ပြည်ငြိမ်းက ..

"ကျွန်တော့်ကို စဉ်းစားဖို့ အချိန်ပေးပါဦး"

ဟုတောင်းပန်လိုက်သည်။ မင်းဒင်က ဒေါပွကာ

"ခင်ဗျားက ဘာစဉ်းစားစရာလိုလို့လဲ"

သို့သော် မှုယာက ဝင်ကာဟန့်တားလိုက်၏။

"ကိုမင်းဒင် ... သူစဉ်းစားပါစေ။ သူ့ကို အချိန်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါ"

ဒီလင်မယားကလည်း လွယ်တော့မလွယ်။ အဆိပ်ရှိသော မြွေတွေနှင့်တူသည်။ သူ့အနေဖြင့် သတိထားကိုင်တွယ်မှဖြစ်တော့မည်ဟု ပြည်ငြိမ်းက ဆုံးဖြတ်လိုက်၏။





သူ အိမ်ကို အငှားကားဖြင့်ပြန်လာခဲ့တော့ ခြံထဲတွင်ဆင်းကာ လမ်းလျှောက်နေသည့် နွယ်နွယ်မြင့်ကို တွေ့ရသည်။ နွယ်နွယ်မြင့်က ..

"ကိုငြိမ်း .. ရှင်ဘယ်တွေ လျှောက်သွားနေတာလဲ။ ရှင့်ကို ထမင်းစားဖို့စောင့်နေတာ"

ဟု ဆိုသည်။ ပြည်ငြိမ်းက ..

"မြို့ထဲကအသိတစ်ယောက်ကို သွားတွေ့တာပဲ နွယ်နွယ်။ မင်းနဲ့ငါနဲ့ ဆွေးနွေးရမယ့်အချိန်ကို ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

နွယ်နွယ်က အံ့ဩသောဟန်ဖြင့်ပြောသည်။

"ဘာတွေဆွေးနွေးမှာလဲ ကိုငြိမ်း၊ နွယ်တော့နားမလည်ဘူး"

ဒီတစ်ခါတော့ သူက အလှည့်စားမခံတော့။

"မင်းနဲ့သူတို့နဲ့ပူးပေါင်းပြီး ငါ့အပေါ်ဘယ်လိုကောင်းကြံတယ်ဆိုကို မူယာတို့စုံတွဲက ဖွင့်ပြီးပြောပြလိုက်ပြီ နွယ်နွယ် .."

"ရှင် .."

သူ့ထံမှ .. အာမေဋိတ်စကား ထွက်ပေါ်လာလေသည်။





"အေး အဲဒီအကြောင်းတွေကို အောင်မြတ်ဦး မသိစေချင်ဘူးဆိုရင် ငါတို့ကို သိန်း(၅၀)ရှာပေးပေတော့ နွယ်နွယ်။ အဲဒီငွေရရင် ငါတို့ဒီမြို့က ထွက်သွားမယ် .."

( ၆ ) တစ်လိမ်ပေါ်နှစ်လိမ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com


( ၆ ) တစ်လိမ်ပေါ်နှစ်လိမ်ဆင့်

"ကဲ .. နွယ်နွယ် .. မင်းကိုငါ အခုအချိန်အထိ ယုံကြည်ဆဲပဲလို့ ယူဆပြီး အဖြစ်မှန်တွေကိုသာ ဖွင့်ဟပြောပါတော့။ မင်းလိမ်မယ်ဆိုရင်တော့ငါ ဆက်ပြီး သည်းခံနိုင်တော့မှာမဟုတ်ဘူး"

ပြည်ငြိမ်း ဒေါသတကယ်ထွက်နေမှန်း သိတော့၊ နွယ်နွယ်က တောင်းပန်တိုးလျှိုး၊မျက်ရည်ခံထိုး၍လာ၀ါ သည်။


www.burmeseclassic.com

www.burmeseclassic.com



"နွယ်နွယ် အဖြစ်မှန်တွေကို ဖွင့်ပြောပြပါတော့မယ်။တကယ်တော့ ဒီလိုကိစ္စတွေ ဖြစ်လာရတာကိုက သူတို့မကောင်းလို့ပါကိုငြိမ်း။ သူတို့ဆိုတာ မှုယာတို့လင်မယားကိုပြောတာပေါ့"



နွယ်နွယ်တို့အိမ်တွင်.. မှုယာတို့ လင်မယားမှာ ငှားနေသူများဖြစ်၏။ နွယ်နွယ်ကလည်း အဖော်ရစေ မှုယာတို့လင်မယားကို ငှားလိုက်လေသည်။ မှုယာ မြင်ရုံနှင့်ခင်မင်စရာကောင်း၏။ သွက်လက်ချက်ချာ၏။

သူတို့အိမ်က မြို့စွန်တွင်ရှိ၏။အောင်မြတ်ဦးက ကပ်သည်မရှိ။ လောင်းကစားဝိုင်းရောက်၏။ကာရာ တေဆိုင်ရောက်၏။သောက်စားမူးယစ်ခြင်းဖြင့် အချိန် န်နေတော့၊ အိမ်တွင် သူတစ်ယောက်တည်းနေရသော

www.burmeseclassic.com


အခါ၊ အထီးကျန်လွန်းသည်ဟု နွယ်နွယ် ခံစားနေရလေသည်။

တကယ်တော့ အောင်မြတ်ဦးကိုလက်ထပ်ခဲ့တာကိုက သူ့အမှားပင်ဖြစ်သည်။ နဂိုကတော့ အောင်မြတ်ဦးက သူတို့နှင့်သိပ်မဝေးလှသည့် မြို့ကြီးတစ်မြို့မှသူဌေးသားဖြစ်သည် ။ သူဌေးသားဘဝကတည်းက ခပ်ပေပေ ခပ်တေတေနေတတ်သူ။ မထင်မှတ်ပဲ တွေ့ဆုံကာ လက်ထပ်ခဲ့မိသည့် အဆင့်အထိရောက်ရှိခဲ့ကြသည်။

လက်ထပ်ပြီးသည့်တိုင်အောင် အလုပ်အကိုင်ကို မယ်မယ်ရရမလုပ်ပဲ သုံးဖြုန်းနေသည့်အတွက် မကြာခင်မှာပင်၊ သူ့အိမ်က သားအဖြစ်မှစွန့်လွှတ်ကြောင်း အရေးပြတ်ကြော်ငြာထည့်ခဲ့သည်။ သူ့အခြေအနေက ပို၍ဆိုးသွား၏။ ပို၍ သောက်စားရမ်းကားလာ၏။

ငွေလိုလျှင် နွယ်နွယ့်ဆီကပဲတောင်းသည်။နွယ်နွယ်က ရှေ့ရေးအတွက်မျှော်တွေးကာ ဘဏ်တွင် အပ်ထားခဲ့သည့်ငွေကြေးတွေလည်း ဆုံးရှုံးကုန်လေပြီ။





လက်ဝတ်လက်စားလည်း မချန်။ မူယာ ရောက်လာသဖြင့် နွယ်နွယ်အဖော်ရလာသည်။ အထီးကျန်မဖြစ်တော့။ လိုအပ်လျှင် တီးတိုးဖော်လုပ်၍ရတော့ နွယ်နွယ်က မူယာ့ကိုခင်တွယ်လာ၏။ တစ်ခုတော့ရှိသည်။မူယာတို့ ဘာအလုပ်အကိုင် လုပ်မှန်းတော့မသိ။

မူယာ၏ခင်ပွန်း မင်းဒင်ဆိုသော လူထွားကြီးက တစ်ခါတစ်ရံ အိမ်မှ လေးငါးရက် ခရီးထွက်သွားတတ်၏။ မူယာကပြောတော့ သူ့ယောက်ျားသည် ရတနာကုန်သည်ဟုဆို၏။ ရတနာကုန်သည်ဆိုတာက ဒီလိုတော့၊ အိမ်ငှားနေလောက်အောင် မဖွဲ့တော်နိုင်။ ရတနာပွဲစား အဆင့်မျှလောက်သာ ဖြစ်ပုံရ၏။ ဘာပဲဖြစ်ဖြစ် လခကိုမှန်မှန်ပေးနိုင်လျှင် ကျေနပ်ပြီ။

တစ်ရက်တွင် ..

ပြဿနာဖြစ်တော့သည်။ စာတိုက်ကနေ စာတစ်စောင်ရောက်လာ၏။ ဒီစာက နွယ်နွယ့်ထံ တိုက်ရိုက်မရောက်ပဲ၊ အိမ်ရှေ့တွင်ရှိနေသည့် မူယာ့လက်ထဲရောက်


www.burmeseclassic.com

www.burmeseclassic.com


သွားရာမှ ..

"အဲဒါ .. ဘယ်သူကရေးတဲ့ စာလဲဟင်"

ဟု စပ်စုတာ ခံရတော့သည်။ ပထမတော့ နွယ်နွယ်က မပြောပဲနေမည်စဉ်းစားသေး၏။ သို့သော်နော ဆုံးတွင် မူယာနှင့်ခင်မင်နေပြီဖြစ်သဖြင့်၊ ဖွင့်ပြောလိုက် သည်။ ဤစာက ရန်ကုန်ရှိ ပြည်ငြိမ်းထံမှ ရေးပို့လိုက် သည့်စာဖြစ်သည်။ပြည်ငြိမ်းက တစ်နှစ်တစ်ခါနွယ်နွယ် ထံ မပျက်မကွက်စာပို့၏။ နွယ်နွယ်က သူ့အိပ်ခန်း အ ဝတ်ဗီရိုထဲတွင်သိမ်းထားသည့်၊ ပြည်ငြိမ်း၏ တခြားစာ တွေကိုပါပြသည်။ အားလုံးက (၂၅) စောင်တိတိ။

"တော်တော် အစွဲအလမ်းကြီးတဲ့ သူပဲနော်"

ဟု မှတ်ချက်ချ၏။အဲဒီမှတ်ချက်ကနေ မူယာ အမြတ်ထုတ်ဖို့တစ်စုံတစ်ခုကိုစဉ်းစားမိလာ၏။ပြီးတော့ သူ့ယောကျ်ားမင်းဒင်နှင့်တိုင်ပင်ကာ၊နွယ်နွယ့်ကိုအကြ ကိုင်တော့သည်။

"ဒီစာတွေအကြောင်း မင်းယောကျ်ားအောင်မြတ်





ဦးကို ဖွင့်ပြောလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ.. နွယ်နွယ်"

တကယ်ဆို ဤကိစ္စမှာ တွေးပင်မတွေးရဲသော ပြသနာဖြစ်သည်။ သူ့ယောကျ်ားအောင်မြတ်ဦးအကြောင်း နွယ်နွယ်ကောင်းကောင်းသိသည်။ ဒီလူက အင်မတန်သဝန်တိုတတ်၏။ အင်မတန်မှလည်း ဒေါသကြီး၏။ ဒီလို စာတွေကိုစုကာသိမ်းထားသည့် အကြောင်းသာသိရလျှင်

"နွယ်နွယ့်ကို သတ်ပစ်မှာသေချာတယ်"

"အေး ..အဲဒီအကြောင်းတွေကို အောင်မြတ်ဦးမ သိစေချင်ဘူးဆိုရင် ငါတို့ကို သိန်းငါးဆယ်ရှာ ပေးပေတော့ နွယ်နွယ်။အဲဒီငွေရရင် ငါတို့ဒီမြို့ ကထွက်သွားမယ်"

"ရှင်တို့လည်းသိတဲ့အတိုင်း ကျွန်မမှာ ဘယ်တာ ပိုက်ဆံရှိလို့လဲ ကိုမင်းဒင်။ ဘဏ်က ပိုက်ဆံ တွေလည်း သူထုတ်သုံးလို့ ကုန်ပြီ"

နွယ်နွယ်ကပြောလိုက်ရာ ကိုမင်းဒင်က ..


www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ .. မင်းအလုပ်ပဲ နွယ်နွယ်။ ငါတို့ တောင်းတဲ့ငွေမရရင် ငါတို့ တကယ်ပဲ ..အောင် မြတ်ဦးကို ဖွင့်ပြောလိုက်တော့မယ်"





"ကျွန်မအဖို့ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေပဲကိုငြိမ်း။ ဒါကြောင့် ရှင့်ဆီကိုစာရေးခေါ်လိုက်ရတာ ခွင့်လွှတ်ပါ .."

မျက်လုံးမှာ မျက်ရည်စတွေနှင့် နွယ်နွယ်က .. ...တောင်းပန်နေသည်။ သူပြောသမျှ စကားကို စီးကရက် ...စ်လိပ်ဖွာရင်း နားထောင်နေသော ပြည်ငြိမ်းက ..

"ဆက်ပြောပါဦး .. နွယ်နွယ်"

ဟု စကားထောက်ပေးလိုက်သည်။ နွယ်နွယ်က "အဲဒီအချိန်မှာပဲ နယ်က ရှေ့နေတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



နွယ်တို့ဆီဆက်သွယ်လာတယ်။ကွယ်လွန်သွား တဲ့ကိုငြိမ်းရဲ့အဘိုးက ကိုငြိမ်းကို အမွေအတော် များများလွှဲပေးခဲ့တယ်ဆိုတဲ့ သတင်းပဲ"

"ငါ့အဘိုးက ဟုတ်လား"

"ဟုတ်တယ်.. ကိုငြိမ်း ဘယ်ရောက်နေမှန်းမသိ လို့ နွယ်တို့ဆီဆက်သွယ်လာတာ။ ဒါနဲ့ နွယ် လည်း အကြံရသွားတာပဲ။ ကိုငြိမ်းဆီ လှမ်းစာ ရေးလိုက်တာကတော့ နွယ်က ကင်ဆာရောဂါနဲ့ သေတော့မယ်ဆိုတာသိရင် ကိုငြိမ်း.. အပြေးအ လွှား ရောက်လာလိမ့်မယ်ဆိုတာ သိလို့ပေါ့"

"ဒါကြောင့် မင်းက ငါ့ကိုလက်ထပ်ဖို့ပူဆာတာ ပေါ့နော် .."

"ဟုတ်ပါတယ် ကိုငြိမ်း။ တကယ်တော့ နွယ်က လက်ထပ်မယ်ဆိုတာ ငွေရေးကြေးရေး တစ်ခုထဲ မဟုတ်ပါဘူး။ ကိုငြိမ်းကိုချစ်တဲ့စိတ်က အဓိက ပါ"



"ဒါကြောင့် ငါရောက်ကတည်းက မင်းကငါ့ကို လက်ထပ်ဖို့ အတင်းတိုက်တွန်း နေတာကိုး – လက်ထပ်လို့ အမွေတွေရရင် မူယာတို့တောင်း တဲ့ငွေကို ပေးမယ်ပေါ့ ဟုတ်လား"

နွယ်နွယ်က အပြစ်ရှိသလို မရွံ့မရဲနှင့်ခေါင်းကို ညိတ်ပြ၏။ဒီတော့ ပြည်ငြိမ်း ဟားတိုက်ရယ်မောလိုက် သည်။ ပြည်ငြိမ်းကိုကြည့်၍ နွယ်နွယ်က ပြည်ငြိမ်းရူး သွတ်သွားလေပြီလားဟုပင် ယူဆလိုက်မိ၏။

"နွယ်ပြောတဲ့အထဲမှာ ဘာတွေများ ရယ်စရာပါ လို့လည်း ကိုငြိမ်း"

"ပါတာပေါ့ကွာ။ မပြုံးပဲ ဝါးလုံးကွဲရယ်စရာပဲ။ ဒီမှာ ... ငါ့မှာ ဘယ်တုန်းကမှ ဘာ ဘကြီးမှ မ ရှိခဲ့ဘူးကွ။ ဒီတော့ ဘာအမွေမှလည်း ရစရာအ ကြောင်းမရှိဘူး"

ဒီစကားတွေကြားတော့ နွယ်နွယ်မျက်လုံးပြူးပြူး သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေဟာ မင်းလိမ်နေတာပဲ နွယ်နွယ်။ ပြီးတော့ မင်းအဆိုးဝါးဆုံး လိမ်လည်ထားတဲ့ အချက်တစ်ခုလည်း ရှိသေးတယ်"

"ဘာလဲဟင် .."

ဟု နွယ်နွယ်ကမေးလိုက်တော့ ပြည်ငြိမ်းက ..

"မင်းကိုယ်မင်း နွယ်နွယ်ပါလို့ လိမ်ထားတာပဲ။ မင်းဟာ နွယ်နွယ်မဟုတ်ဘူး။ လုံးဝကို မဟုတ်ဘူး"

နွယ်နွယ်က မျက်နှာကိုတည်လိုက်သည်။သူက အရာရာကိုရင်ဆိုင်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ဟန်တူသည်။

"ရှင်နဲ့ကျွန်မနဲ့ ကွဲနေကြတာ (၂၅)နှစ်ရှိပြီလေ။ ဒီနှစ်အတွင်းမှာ ကျွန်မတို့ရဲ့ ရုပ်ရည်ဟာလည်း ပြောင်းလဲသွားနိုင်တာပဲ။ရှင်က ဘာဖြစ်လို့ကျွန်မဟာ၊နွယ်နွယ်မဟုတ်ပါဘူးလို့ တစ်ထစ်ချပြောနိုင်ရတာလဲ .."





"ပြောနိုင်တာပေါ့ .. ဘာဖြစ်လို့လဲဆိုတော့၊ တကယ့်နွယ်နွယ်အစစ်ဟာ လူ့လောကထဲမှာ ရှိမှမရှိတော့ပဲ"

"ရှင် .."

နွယ်နွယ်ဆိုသော မိန်းကလေး၏ နှုတ်မှ အာမေဋိတ်စကားသံ ပွင့်ဟ၍သွားသည်။

"ဟုတ်တယ် .. နွယ်နွယ်သေတာကြာပြီ။၂၅နှစ်တောင်ရှိခဲ့ပြီ။ မင်းရဲ့ .. အဓိကချို့ယွင်းချက်ကတော့ နွယ်နွယ်အယောင်ဆောင်ခဲ့ပေမယ့်၊ နွယ်နွယ်ရဲ့အကြောင်းကို ဘာမှမသိတဲ့အချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညှိမြို့ကလေးတွင်၊ နွယ်နွယ်နှင့်ပြည့်ငြိမ်းသည် တစ်လမ်းထဲ တစ်ကျောင်းထဲတွင်နေကာ၊ အတူတူကြီး ပြင်းလာခဲ့ကြသည်။ သူတို့သူငယ်ချင်း နှစ်ယောက်မှာ အင်မတန်ချစ်ခင်ကြ၏။ကြီးလာတော့ သူငယ်ချင်းအချစ်က သမီးရည်းစားအချစ်သို့ ပြောင်းလဲသွားခဲ့သည်မှာသဘာဝကျပေသည်။

သို့သော် .. ခက်တာက ..

သူတို့နှစ်ဦး၏ ဘဝအခြေအနေဖြစ်သည်။

နွယ်နွယ့်မိဘတွေက အထက်တန်းစားတွေ ဖြစ်





သည်။ နွယ်နွယ့်အဖေကဆို ညှိမြို့၏မျက်နှာဖုံး အစိုးရအရာရှိကြီးတစ်ဦး။ ပြည့်ငြိမ်းမှာ အဖေမရှိတော့။ အမေမုဆိုးမက မုန့်ဟင်းခါးရောင်းကာ ကျောင်းထားပေး၏။ အဆင့်အတန်းတွေက မိုးနဲ့မြေ။

သူတို့နှစ်ယောက်မတွဲဖို့ နွယ်နွယ့် မိဘတွေက နွယ်နွယ့်ကို အတိအလင်းတားမြစ်ပိတ်ပင်လာသည်။ဒါကြောင့် ပြည့်ငြိမ်းမှာ တမင်ပင်ရှောင်တိမ်းနေရ၏။

သို့သော် .. တစ်ရက်တွင် ..

ထိုရက်မှာ ဒီဇင်ဘာလ (၉)ရက်ဖြစ်ကြောင်း သူကောင်းကောင်းမှတ်မိနေသည်။ ထိုနေ့မှာ နွယ်နွယ့်မွေးနေ့ပင်ဖြစ်သည်။မနက်ပိုင်း နွယ်နွယ်တို့အိမ်တွင် ဘုန်းကြီးပင့်ကာဆွမ်းကျွေးသည်။မိတ်ဆွေသူငယ်ချင်းတချို့ကိုဖိတ်သော်လည်း၊ ပြည့်ငြိမ်းက တမင်တကာ မသွားပဲရှောင်တိမ်းနေသည်။

သို့သော် ..

ညနေရောက်သောအခါ သူတို့အိမ်ကို တားထ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုယ်တိုင်မောင်းကာ၊ နွယ်နွယ်ရောက်ရှိလာသည်။ မြစ်ထဲဆင်းကာ လှေစီးချင်သည်ဟုဆိုသည်။ ပြည်ငြိမ်းက တားသော်လည်းမရ။ နွယ်နွယ်က ရေမကူးတတ်။

"ငါမကူးတတ်ပေမယ့် နင်ကူးတတ်တာပဲ"

ဟုဆိုသည်။ မြစ်ပြင်တွင် မှောင်စပျိုးနေလေပြီ။ ဒါကြောင့် အန္တရာယ်များသဖြင့် မစီးစေချင်။ နွယ်နွယ်က ဇွတ်တရွတ်။နောက်ဆုံးတွင် နွယ်နွယ့်ဆန္ဒကိုလိုက်လျောရသည်။ ပြည်ငြိမ်းတို့အိမ်ကလေးက မြစ်ကမ်းစပ်မှာရှိသည်။ လှေက အလွယ်တကူငှား၍ရ၏။

မြစ်လယ်ရောက်သောအခါ လေက အနည်းငယ်ထန်လာ၏။ အမှောင်ထုက တစ်စထက်တစ်စ မြစ်ပြင်အတွင်း လွှမ်းခြုံလာ၏။ နွယ်နွယ်က ဆက်နေချင်သော်လည်း၊ ပြည်ငြိမ်းက လှေကို ကမ်းပြန်ကပ်ရန်ကြိုးစားသည်။ လှေက ထိုအချိန်မှာပင် မှောက်သည်။မှောင်နှင့်မည်းမည်းတွင် နွယ်နွယ့်ကို ကယ်တင်ရန်ကြိုးစားသော်လည်း၊ ဘာကိုမှကောင်းကောင်းမမြင်ရ။





နောက်ဆုံးတော့..သူ ရင်နာနာဖြင့်ပင် နွယ်နွယ့်ကိုစွန့်လွှတ်ခဲ့ရလေသည်။ထုံးစံအတိုင်း နွယ်နွယ်ကွယ်လွန်ရခြင်းနှင့် ပတ်သက်၍ သူ့အပေါ် အပြစ်အားလုံးကပုံကျလာ၏။အားလုံးကဝိုင်း၍ လက်ညှိုးထိုးအပြစ်တင်ကြသည်။ နွယ်နွယ်မြေကျသောနေ့ အသုဘပို့သွားသောသူ့ကို အများရှေ့သသ်နဲ့ပင်၊ နွယ်နွယ့်အဖေက ထိုးကြိတ်ကာ နှင်ထုတ်လိုက်၏။

ပြည်ငြိမ်းက ဘယ်လိုအပြစ်ပေးမှုမျိုးကိုမဆို၊ ခံနိုင်ပါသည်။ သူ့ချစ်သူတစ်ယောက်လုံးတောင် အသက်ဆုံးရှုံးခဲ့ရသေးတာပဲ။ ဒါပေမယ့် သားကိုယ်စား မခံစားနိုင်သူကတော့ ပြည်ငြိမ်းအမေဖြစ်သည်။ သူ့ အမေက သားစိတ်နှင့် အိပ်ယာထဲလဲတော့သည်။

"အမေသေရင်သားလည်းဒီမြို့မှာမနေပါနဲ့တော့"

ဟုအထပ်ထပ်မှာကာ အမေမကွယ်လွန်၍သွားလေသည်။ထိုအချိန်ကစ၍ ကျောခိုင်းထွက်ခွာလာခဲ့သည်မှာ (၅)နှစ်လုံးလုံးပင် ဖြစ်ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


နှယ်သည် တစ်ကိုယ်လုံးရေတွေစိုရွှဲကာ၊ သူ့ထံ ရောက်လာတတ်သည်။ ပြီးတော့ သူ့ကို ရေထဲ လိုက်ခဲ့ဖို့ခေါ်တတ်သည်။ "နှယ်မခေါ်နဲ့... ငါမ လိုက်နိုင်ဘူး .. ငါမလိုက်နိုင်ဘူး"

( ၇ ) နောက်ဆုံးမြုတ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



## ( ၇ ) နောက်ဆုံးမြှုတ်ကွက်

တကယ်တော့၊ နွယ်နွယ် ကွယ်လွန်ပြီးကတည်း အ ဤမြို့ကလေးတွင် နေထိုင်ရသည်ကို သူ မပျော်မွေ့ ဆော့။ သူ ညစဉ်လိုပင်၊ အိပ်မက်ဆိုးတွေ မက်နေတတ် ဆည်။ အိပ်မက်ထဲတွင် နွယ်သည် ရေတွေရွှဲရွှဲနှစ်ကာ သူ့ထံရောက်လာတတ်သည်။ သူ့ကိုရေထဲသို့လိုက်ခဲ့ဖို့ ဖေါတတ်သည်။

"မြစ်အောက်ခြေမှာဆို နွယ်နဲ့ကိုငြိမ်းကို ဆယ်



www.burmeseclassic.com

www.burmeseclassic.com



သူမှ မတွေ့တော့ဘူး။ ဘယ်သူကမှလည်း မခွဲနိုင်တော့ဘူး။ နွယ်နဲ့အတူ လာနေပါလားဟင်။ မြစ်အောင်ခြေမှာ.. တိတ်ဆိတ်နေတာပဲ။ မည်းမှောင်နေတာပဲ။ ပြီးတော့ ရှုံ့တွေနွံတွေလည်းထူထပ်သေးတယ်။ ဒါပမေယ့် ကိုငြိမ်းနဲ့သာ အတူနေရမယ်ဆိုရင် ..”

“နွယ် မခေါ်နဲ့ ငါမလိုက်နိုင်ဘူး။ငါမလိုက်နိုင်ဘူး”

သူက အကြောက်အကန်ငြင်းဆန်ကာ၊ နွယ်နွယ်က အတင်းဖွတ်ဆွဲခေါ်မည် လုပ်လျှင်တော့ လန့်နိုးလာတတ်သည်။ သူတို့အိမ်သည် မြစ်ကမ်းပါးလေ့ဆိပ်အနီးတွင်ရှိသည်။ ပြည်ငြိမ်း၏ အိပ်ယာဘေးတွင် ပြတင်းပေါက်ရှိသည်။ ထိုပြတင်းပေါက်ကိုဖွင့်လိုက်လျှင် မြစ်ပြင်ကိုကောင်းစွာမြင်ရ၏။

ညဘက်များတွင်.. ထိုမြစ်ပြင်ကို မြင်ရသည်မှာ ယခုအခါ ခြောက်လန့်ခြောက်ခြားဖွယ်ရာဟု ပြည်ငြိမ်း





မြင်သည်။ နွယ်နွယ် သေဆုံးပြီးကတည်းက ထိုမြစ်ပြင်မှာ၊ ပြည်ငြိမ်းအတွက် ရေသချိုင်းပင်ဖြစ်သည်။ ကြည့်နေရင်းပင် ထိုမြစ်ပြင်ပေါ်တွင်၊ညမှောင်မှောင်ထဲ၌ လမ်းလျှောက်လာနေသော နွယ်နွယ်ကိုမြင်ယောင်မိကာ၊ထိတ်လန့်တုန်လှုပ်တတ်သည်။

သူ့ကြောင့်ပင်.. စိတ်ထောင်းကိုယ်ကြေဖြစ်ကာ၊ သူ့အမေသည် အိပ်ယာထဲဘုံးဘုံးလဲခဲ့ရသည်။

“သားကို အပြစ်မြင်နေတဲ့အရပ်မှာ သား ဆက်မနေပါနဲ့တော့။ ဒီကနေဝေးရာအရပ်ကိုသာ ထွက်သွားပါတော့ သား”

ဟူသော သူ့အမေ၏နောက်ဆုံးစကားကို သူ နာခဲ့သည်။ အမေဆုံးပြီး ရက်လည်သောနေ့မှာပင် ကျောအိတ်တစ်လုံးနှင့် ဤမြို့ကလေးကိုသူစွန့်ခွာခဲ့သည်။ ကုန်တွင်ဖြစ်သလို အခြေချနေထိုင်သည်။ ဤဘဝအခြေအနေရောက်အောင် သူအများကြီးရုန်းကန်ခဲ့ရ၏။

ဤနှစ်များအတွင်း နွယ့်ကို သူအစဉ်အမြဲသတိရ



www.burmeseclassic.com

www.burmeseclassic.com



နေသည့်တိုင်အောင် ဤမြို့ကလေးသို့ သူ တစ်ခေါက်
မပြန်ဖြစ်။ ပြန်လျှင်လည်း ထိုမြို့ကလေးတွင် သူချစ်
သောနှယ် ရှိမနေရုံမက၊ သူ့ကို ကြေကွဲစရာအတိတ်
ရပ်တွေကသာ ဆီးကြိုနှိပ်စက်ကြပေမည်။

တစ်ခုတော့ရှိသည်။သူဇာတိမြို့ကလေးကထွက်
လာပြီးကတည်းက နှယ့်ထံသို့ တစ်နှစ်တစ်ခါ စာတ
စောင် မှန်မှန်ရေးလေ့ရှိ၏။ ထိုစာကိုတင်ပို့သောရက်
ဒီဇင်ဘာလ(၉)ရက်နေ့ပင်ဖြစ်သည်။ ဤနေ့ကား အမှ
တရ နှယ်နှယ်၏မွေးနေ့ဖြစ်သည်။ ထိုနေ့တွင်ပင် နှယ်
နှယ်ကွယ်လွန်ခဲ့သဖြင့်၊ နှယ်၏သေနေ့လို့လည်း မှ
ယူနိုင်၏။

သူ ..ဤနေ့ရောက်တိုင်း နှယ့်ဆီကိုစာပို့ခဲ့သ
မှာ (၂၅) နှစ်ရှိခဲ့လေပြီ။ ဤကဲ့သို့စာတင်ပို့ရလေတော့
သူ့စိတ်ထဲတွင် နှယ် အသက်ရှင်လျက်ရှိနေသည်ဟု
စားရ၏။

ဤအဖြစ်သည်ပင် သူ့အတွက်ဖြေသိမ့်စရာဟု





ခဲ့လေသည်။

ဤနှစ်တွင်မူ.. သူ့ထံသို့ နှယ်ထံမှဆိုသော စာ
စောင်ရောက်လာ၏။ စာထဲတွင် နှယ်ဆိုသူက ..

သူသည် အသည်းကင်ဆာရောဂါဖြင့် သေလုဆဲ
ဆဲအခြေအနေဖြင့် ရင်ဆိုင်နေရသောကြောင့် သူ့
ကိုလာရောက်စောင့်ရှောက်ပေးရန် တောင်းပန်အ
သနားခံသော စာဖြစ်၏။

နှယ်ကသေပြီ။ ဘာကြောင့် သေဆုံးသူထံမှ ဆို
သောစာက သူ့ထံရောက်ရှိလာခဲ့သနည်း။ပြည်ငြိမ်းသိပ်
ချင်သဖြင့် ဤကိစ္စကို၊ အမှန်အတိုင်း ပေါ်ပေါက်လာ
ရန် သူကြိုးစားမည်ဟု ဆုံးဖြတ်လိုက်၏။ထို့ကြောင့်
ထုပ်ကခွင့်ယူကာ ဇာတိမြို့ကလေးသို့ ပြန်လာခဲ့လေ
သည်။

မြို့ရောက်သောအခါ နှယ်တို့အိမ်တွင် သူ့ကိုယ်
နှယ်ဟုဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့ရ
။ သူက နှယ်ထက်ပို၍ ငယ်ရွယ်နေသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နှယ်နှင့်လည်း ရုပ်ချင်းမတူ။အဆိုးဆုံးကတော့ နှယ်အစစ် ကွယ်လွန်ခဲ့ပြီဆိုသော အချက်ကိုပင် မသိသောအချက်ဖြစ်၏။ သူမီးစင်ကြည့် ကခဲ့မိသည်။ မူယာ၊ မင်းဒင်၊ အောင်မြတ်ဦးဆိုသူတွေပါ ပါဝင်ပတ်သက်လာ၏ ဇာတ်ကလည်း ရှုတ်ထွေးသထက်ရှုတ်ထွေးလာ၏။

အောင်မြတ်ဦးကလည်း ဆရာဝန်မဟုတ်။

မူယာကလည်း သူနာပြုဆရာမ မဟုတ်။

နှယ်ကလည်း နှယ်အစစ်မဟုတ်။

ကင်ဆာရောဂါနှင့် သေဆုံးတော့မည် ဆိုတာလည်း မတုက်။

ဟုတ်တာ ဘာရှိသေးသနည်း။

မူယာနှင့်မင်းဒင်ပြောသည့်ဇာတ်ကြောင်းကတစ်မျိုး။ နှယ်နှယ်ပြောသည့် ဇာတ်ကြောင်းကတစ်မျိုး။

သူက ဘာကိုယုံကြည်ရပါမည်လဲ ..။





"မင်းဟာ နှယ်နှယ်မဟုတ်ဘူး။မင်းနာမည်ဘယ်သူလဲ။ မင်း.. ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေတာလဲ။ ငါ့ကို အမှန်အတိုင်းပြောပေတော့"

ပြည်ငြိမ်းက တင်းတင်းမာမာနှင့် ပြောလိုက်လေသည်။ ဒီတစ်ခါတော့ သူ့ရှေ့က ကုလားထိုင်တွင် နှယ်နှယ်ဟု အမည်ခံခဲ့သော မိန်းကလေးသည်၊ အရုပ်ကြိုးပြတ်ထိုင်ချကာ ခေါင်းကိုငိုက်၍ထား၏။ သူ့မျက်နှာကို တွေ့နိုင်သဖြင့် ဘယ်လိုအမူအယာရှိသည်ကို မသိရ။ ဟုတ်တာကြံဖို့ တွေးတောနေပြန်လေသလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခေါင်းပြန်မော့လာသည်။

ပြည်ငြိမ်းကလည်း သူ့အမှန်ကိုဝန်ခံလာမည်ကို၊ အေးအေးလူလူ စောင့်ဆိုင်းနေမိ၏။ မိန်းကလေး၏မျက်နှာတွင် အားလုံးကို ပြန်လည်ဖော်ထုတ် ဝန်ခံတော့မည်ဟု ဆုံးဖြတ်ထားဟန်ဖြင့် ..

"ကျွန်မကိုက ညံ့ပါတယ်။ ကာယကံရှင် နွယ်သေခဲ့ပြီဆိုတာ ကျွန်မမသိဘူး။ ကျွန်မက ဒီမြို့ကိုပြောင်းလာခဲ့တာ သုံးနှစ်ပဲရှိသေးတယ်"

"နွယ်ကွယ်လွန်ခဲ့တာ (၂၅)နှစ်ရှိပြီဆိုတော့ တချို့ကလည်း ဘယ်အမှတ်ရတော့မလဲ။ မင်းကလည်းစုံစမ်းမှ မကြည့်ခဲ့တာကိုး"

"ကျွန်မကိုအရှုံးလုပ်ခဲ့တာ ရှင့်ရဲ့စာတွေပဲ။ ရှင်ကသေပြီးတဲ့ လူတစ်ယောက်ဆီကို (၂၅)နှစ်လုံးလုံး ဘာကြောင့် စာမှန်မှန်ရေးနေရတာလဲ.."

"ငါ့အတွက် ပြေရာပြေကြောင်းများဖြစ်မလားလို့ပေါ့"





နွယ်နွယ်ဟု ဟန်ဆောင်နေသော အတုဖြစ်သူ၏ အမည်မှာ မြင့်မြင့်သစ်ဖြစ်သည်။ မြင့်မြင့်သစ်သည် ဤမြို့ကလေးနှင့် အတန်ငယ်ဝေးသည့်မြို့ကလေးမှဖြစ်ကာ သူဌေးသားအောင်မြတ်ဦးနှင့်တွေ့ဆုံချစ်ကြိုက်၍ လက်ထပ်ဖြစ်ခဲ့သည်။အောင်မြတ်ဦးကိုယူပြီးမှ သူမှားမှန်းသိတော့သည်။

အောင်မြတ်ဦးကား လောင်းကစားသမား၊အရက်သမားသက်သက်သာဖြစ်သည်။ သူ့မိဘတွေက ပြောဆိုဆုံးမ မရသည့်အတွက်၊ ပိုက်ဆံအနည်းငယ်ပေးကာ သူ့



www.burmeseclassic.com

www.burmeseclassic.com

တို့အိမ်မှ နှင်ထုတ်လိုက်သည်။ ထိုငွေထုတ်ကိုပိုက်ကာ ဤမြို့ကလေးသို့ရောက်လာပြီး၊ ယခင်က နွယ်နွယ်တို့ ပိုင်ဆိုင်ခဲ့ဖူးသော နှစ်ထပ်အိမ်ကို ငှားရမ်းနေထိုင်ခဲ့ကြသည်။ ထိုအချိန်၌ဤအိမ်ကြီးမှ နွယ်နွယ်မိဘတွေလက်မှလွှဲပြောင်းကာ၊ တခြားပိုင်ရှင်သစ်လက်ထဲသို့ ရောက်ရှိ၍နေလေပြီ။

ဤမြို့ကိုရောက်ပြီး မကြာခင်မှာပင် အောင်မြတ်ဦးပါလာသောငွေမှာ၊ လောင်းကစားခြင်းဖြင့် ကုန်လုမတတ်ဖြစ်၍သွားသည်။ ထို့ကြောင့်ပင် ငွေရေးကြေးရေးအဆင်ပြေစေရန် မြင့်မြင့်သစ်တို့သည်၊ မူယာတို့ လင်မယားကို အိမ်တွင်အိမ်ငှားအဖြစ် လက်ခံခဲ့ရလေသည်။

သူတို့ လင်မယားက တခြားအခန်းတစ်ခန်းသို့ ပြောင်းရွှေ့အိပ်ရ၏။ ထိုအခန်းထဲတွင် ယွန်းသေတ္တာငယ်တစ်လုံးကိုတွေ့သဖြင့် ဖွင့်ကြည့်သောအခါ၊ အထဲတွင် စာအိတ်နှင့်ထည့်ထားသော စာ(၂၂)စောင်ကို တွေ့ရလေသည်။





ရန်ကုန်ရှိ ပြည်ငြိမ်းဆိုသူက ပေးပို့နေခြင်းဖြစ်ကာ၊ ပေးပို့သောစာများ၏ထိပ်ထောင့်တွင် ဒီဇင်ဘာ(၉)ရက်ဟု တစ်ညီတစ်ညာတည်းရေးထားတာ အမှတ်ရ၏။ သက္ကရာဇ်တွေကတော့ တစ်နှစ်တိတိခြားနားသည်။

အမိပ္ပါယ်က ဤစာများကို တစ်နှစ်တစ်ကြိမ် ပို့ပေးနေသည်ဆိုသော သဘောပင်။ စာတွင် ခေါင်းတပ်ထားသူမှာ "နွယ်နွယ်" ဟူ၍ဖြစ်သည်။ ဤအိမ်ကြီးနှင့် တစ်ကြိမ်တစ်ခါက ပတ်သက်ခဲ့ဖူးသူသာ ဖြစ်လိမ့်မည်။ ဒီလူသည် ယခုထက်တိုင်၊ဤအိမ်တွင် နွယ်နွယ်နေထိုင်နေလိမ့်မည်ဟု ယုံကြည်ယူဆကာ၊ ယခုကဲ့သို့ နှစ်စဉ်မပျက်မကွက် စာများကိုပေးပို့နေဟန်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com



“ကဲ အမှန်အတိုင်း ပြောစမ်းပါဦး။ မင်းက ဘာရည်ရွယ်ချက်နဲ့ ငါ့ကိုစာရေးခေါ်ရတာလဲ..”

ပြည်ငြိမ်းက ဒေါသတကြီးမေးလိုက်သည်။

“အဖြစ်မှန်ကို အမှန်အတိုင်းသိရမှဖြစ်မယ် မိန်းကလေး”

“ကျွန်မနာမည်ရင်းက မြင့်မြင့်သစ်ပါ”

“ကဲ .. မင်း ငါ့ကို အမှန်အတိုင်း ပြောပြနိုင်ပြီလား”

ဒီတစ်ခါတော့ မြင့်မြင့်သစ်က ခေါင်းကိုခတ်မြန်





မြန်ညိတ်ပြကာ ..

“ရှင့်မှာ အမွေတွေ ရစရာရှိတယ်ဆိုတာ မဟုတ်ပါဘူး”

“ငါသိတာပေါ့ .. ငါ့မှာဘာဘာကြီးမှ မရှိတာကို ငါက တစ်ကောင်ကြွက်ပဲ”

“တကယ် အမွေတွေရဖို့ရှိတာက ကိုအောင်မြတ်ဦးပါ”

“ငါထင်သားပဲ .. သူက သူ့မွေးသားကို:”

“သူ့အဖေကအရင်သေတယ်။ မကြာခင်က သူ့အမေသေတယ်။ သူ့အမေက သားဆိုးကို မကြည့်ရက်လို့ အမွေသိန်းတစ်ထောင် လွှဲပေးခဲ့တယ်။ အဲဒီအကြောင်းကြားစာ သူ့ရှေ့နေဆီက ရောက်လာတယ်။ကျွန်မက သူ့စာကို သူ့ကိုအသိမပေးပဲ ဖုက်ထားလိုက်တယ်”

“ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ..”

“တကယ်တော့ သူနဲ့ကျွန်မရဲ့ အိမ်ထောင်ရေးက



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေလှဘူး။ကျွန်မက သူဆိုးတဲ့ဒဏ်တွေ မခံနိုင်လို့ ကွာရှင်းဖို့ ပြောထားတယ်လေ။ ဒီအခြေအနေမှာ ဒီလိုသာ သူအမွေရသွားတာ၊ သူသိရင် ကျွန်မကိုကျိန်းသေကွာရှင်းမှာ အသေအချာပဲ။ ဒါကြောင့် သူ့ကိုတော့ ရှင်အမွေရလိမ့်မယ် ဆိုတဲ့အကြောင်း လိမ်ပြောလိုက်တယ်။ ကျွန်မက ရှင်နဲ့လက်ထပ်မယ်။ ရှင်အမွေတွေရတော့မှ ရှင့်ကို လုပ်ကြံသတ်ဖြတ်မယ်ပေါ့။ အဲဒီအချိန်မှာ မူယာတို့လင်မယားကလည်း ရှင့်စာတွေကို တွေ့ပြီး ကျွန်မကို ခြိမ်းခြောက်ငွေညှစ်နေတော့ သူတို့ကိုပါ ဒီအထဲ ဆွဲထည့်ခဲ့တာပဲ”

ပြည်ငြိမ်း သဘောပေါက်စပြုလေပြီ။ ဒါကြောင့်ပင် မူယာက သူနာပြုဆရာမ အယောင်ဆောင်သည်။

အောင်မြတ်ဦးကဆရာဝန်အယောင်ဆောင်သည်။

“အောင်မြတ်ဦးကလည်း ငွေလိုနေတာ ဆိုတော့ ကျွန်မပြောတဲ့အတိုင်း သဘောတူ လက်ခံလိုက်





တယ်။ အဲဒီနောက်တော့ ကျွန်မက စာရေးလိုက်လို့ ရှင်ရောက်လာတာပဲ”

“ဒီအထဲ ငါမရှင်းသေးတာ တစ်ခုရှိတယ်။ ဘာကြောင့် ငါ့ကိုဒီဇာတ်ရှုပ်ထဲ မင်းကဆွဲထည့်ခဲ့ရတာလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လျှင်လွဲ ..ရဲ မင်းဖြစ်တဲ့။ ဒါဆို.. သူ ငြင်းပါယ်တဲ့ အခွင့်အရေးကို ရှင်ပဲ ယူလိုက်ပါ လား ကိုမင်းဒင်"

( ၈ ) အိပ်မက်အလွန်



www.burmeseclassic.com

www.burmeseclassic.com



## ( ၈ ) အိပ်မက်အလွန်

"ကျွန်မ မှန်တဲ့အတိုင်း ဖွင့်ပြောပြမယ်။ရှင် ခွင့်လွှတ်ပါ"

"ပြောပါ .. ငါနားထောင်နေတယ်"

"ကိုအောင်မြတ်ဦးက အင်မတန် သဝန်တိုတတ်တယ်။ ဒေါသလည်းကြီးတယ်။ သူက ဘယ်လိုပဲ သဘောထားထား ရှင်နဲ့ကျွန်မနဲ့ တပူးတွဲတွဲနေတာမြင်ရင် သည်းခံနိုင်မှာ မဟုတ်ဘူး ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စကားများပြီး သတ်ကြဖြတ်ကြရင် ..”

“သဘောပေါက်ပြီ”

ပြည်ငြိမ်းက လက်ကာပြကာ ပြောလိုက်သည်။

“ငါ့လက်ချက်နဲ့ အောင်မြတ်ဦးသာ သေသွားရင် မင်းက ကျန်ရစ်သူမုဆိုးမအနေနဲ့ အမွေတွေအားလုံးရမယ်။ တကယ်လို့..ငါ သေသွားခဲ့ရင်လည်း အောင်မြတ်ဦး လူသတ်မှုနဲ့ထောင်ကျနေတုန်း မင်းက ဒီအမွေတွေဘုံးပြီး ထွက်ပြေးမယ်။ အင်း .. တော်တော်ပက်စက်တဲ့ အကြံပဲ။ ငါကတော့ ဘာအကျိုးခံစားခွင့်မှ မရှိပဲ သက်သက် ခုတုံးအလုပ်ခံရတဲ့ သူတစ်ယောက်ပေါ့။ **The Game is Over** ”

ဒီပွဲဒီမှာပြီးပြီဟု ပြည်ငြိမ်းက ပြောလိုက်သည်။

မြင့်မြင့်သစ်က နားမလည်နိုင်ပဲ ..

“ရှင် ကျွန်မကို မကူညီနိုင်ဘူးလား။ရှင်နဲ့ကျွန်မနဲ့စဉ်းစားရင် တခြားနည်းလမ်းတစ်ခု ရှာတွေ့





နိုင်ပါတယ်”

“ဘာမှ ဆက်လုပ်စရာ မလိုတော့ဘူးလေ။ မင်းလိုဘ ပြည့်နေပြီပဲ”

“ရှင်က ဘာကိုဆိုလိုချင်တာလဲ..”

“မင်းက.. အောင်မြတ်ဦးကို သေစေချင်နေတယ် မဟုတ်လား။ အခု အောင်မြတ်ဦး သေနေပြီ”

“ရှင် ..”

မြင့်မြင့်သစ်က တအံ့တဩ အသံထွက်သွား၏။ မြင့်မြင့်သစ်က မြို့လည်က တည်းခိုခန်းမှာပင် အောင်မြတ်ဦးရှိနေလိမ့်မည်ဟု ထင်နေ၏။

“သူ့ကို ဘယ်သူသတ်တာလဲ ..”

“မင်းဒင်ပဲ ..”

ပြည်ငြိမ်းက ဖြစ်ပျက်ခဲ့သမျှ အလုံးစုံကိုပြောပြလိုက်သည်။

“မင်းဒင်တို့က မင်းပြောထားသလို ငါကပဲအမွေရဖို့ရှိတယ်ထင်နေတော့၊ ငါအသက်မသေအောင်

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်လိုက်တာပဲ။ တကယ်လို့ ငါသာသေ
သွားရင် သူတို့ပိုက်ဆံမရနိုင်တော့ဘူး ထင်လို့
ပေါ့"

မြင့်မြင့်သစ်က ကုလားထိုင်ပေါ်ကို အရှုပ်ကြီး
ပြတ်ထိုင်ချလိုက်၏။ အောင်မြတ်ဦး ဆုံးသွားပြီတဲ့။ ဒါ
ကလည်း တစ်နည်းကောင်းတာပါပဲ။ သူက ဒီလိုဖြစ်
ရည်ရွယ်ခဲ့တာပါပဲ။

ဒါပေမယ့် .. ခုလို မထင်မှတ်ပဲ သေဆုံးသွား
ကြားရတော့၊ ရှိခဲ့ဖူးသောသံယောဇဉ်ကြောင့် နည်းနည်း
စိတ်ထိခိုက်မိသွားသည်မှာ အမှန်ပင်။

သို့သော် .. စိတ်အားတင်းကာ ..

"အလောင်းက ဘယ်မှာလဲ"

ဟုမေးလိုက်၏။အလောင်းကိုတွေ့ရမှ ဖြစ်မည်
ဒါမှ အောင်မြတ်ဦးသေတာ အတည်ပြုနိုင်မည်။ ဒါမှ
မွေရမည်။

"ငါလည်းမသိဘူး။အဲဒီနေ့က ခြံနောက်ကတော





စပ်မှာ ခဏရွှေ့ထားခဲ့တယ်။ နောက်တစ်နေ့ည
မှာ ငါနဲ့ငါ့မိတ်ဆွေနဲ့ အလောင်းလာရှာတော့ ..
ထားခဲ့တဲ့နေရာမှာ မရှိတော့ဘူး"

ထိုနေ့ကို မြင့်မြင့်သစ်မှတ်မိသွား၏။ သူနှင့်ဆုံ
ခဲ့သေးသည်မဟုတ်လား။

"အလောင်းကို တိရစ္ဆာန်တွေ စားသွားတာဖြစ်မ
လား"

ထိုတောစပ်သို့ ခွေးအအုပ်၊ သို့မဟုတ် ဝံပုလွေ
တွေလာတတ်၏။

"မဖြစ်နိုင်ဘူး။ သူတို့စားရင်လည်း အကြွင်းအ
ကျန်တော့ တွေ့ရမှာပေါ့"

"ကျွန်မတို့ အဲဒီနေရာကို သွားရှာရအောင်"

"သွားရှာဖို့မလိုပါဘူး"

သူတို့အခန်းဝတွင် မူယာနှင့်မင်းဒင်ပေါ်လာကာ
မင်းဒင်က ပြောလိုက်ခြင်းဖြစ်၏။ မူယာက မထီတရီအ
ပြုံးဖြင့်ဝင်လာကာ ..



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အပြင်မှာရောက်နေတာ ကြာပြီ။နင်ပြော သမျှ စကားတွေအားလုံးလည်း ကြားတယ်။ နင်က ငါတို့ကိုတောင် တစ်ပတ်ရိုက် ချောက်တွန်းဖို့ကြံတယ်ပေါ့ ဟုတ်လားမြင့်မြင့်သစ်"

ဟု မေးလိုက်၏။ မြင့်မြင့်သစ်က ဂရုမစိုက်ပဲ..

"ငါမေးတာသာပြောစမ်းပါ။ အောင်မြတ်ဦးရဲ့အလောင်း ဘယ်မှာလဲ"

"ငါပဲ မြေတူးပြီး မြှုတ်ပစ်လိုက်တယ်။ အစိကတရားခံက ငါဖြစ်နေတယ်မဟုတ်လား။ ဒီတော့ အလောင်းကိုတွေ့သွားလို့ ဘယ်ဖြစ်မလဲ.."

ဟု မင်းဒင်က ပြောသည်။ မူယာက ..

"ကဲ .. တို့ကိုသာ သိန်းငါးဆယ်ပေးတော့ မြင့်မြင့်သစ်။ တို့လင်မယား ငွေရတာနဲ့ ဒီမြို့ကနေ ထွက်သွားတော့မယ်။ ကျန်တဲ့ကိစ္စတွေကို စိတ်မဝင်စားတော့ဘူး"

"ငါ့မှာ.. ဘယ်က ဒီလောက်ငွေရှိမှာလဲ မူယာ။





အောင်မြတ်ဦးရဲ့ အမွေတွေကို ရမယ်ဆိုတာကလည်း သူသေတဲ့အကြောင်း အထင်အရှားပြနိုင်မှ .."

"ဒီတော့ နင်က ဘာလုပ်မယ် စိတ်ကူးလဲ"

မြင့်မြင့်သစ်က အနီးရှိနံရံတွင် အလှအပအဖြစ်ချိတ်ဆွဲထားသော၊ နှစ်ဘက်အသွားဖြင့် လက်ကိုင်ရှည်ရှည်ပုဆိန်ကြီးကို ဖြုတ်ကာ ပြည်ငြိမ်းထံ ကမ်းပေး၏။

ပြည်ငြိမ်းက ဘာမှန်းမသိပဲ၊ လှမ်းယူထားလိုက်မိ၏။ မြင့်မြင့်သစ်က ..

"ကိုပြည်ငြိမ်း အဲဒီနှစ်ယောက်ကို သတ်လိုက်ပေတော့။ ပြီးရင် ရှင်နဲ့ကျွန်မနဲ့ ရတဲ့အမွေတွေ ခွဲယူကြမယ်။ လူသတ်မှုကိုတော့ သူတို့လင်မယားနှစ်ယောက်အပေါ် ပုံချကြတာပေါ့၊ အောင်မြတ်ဦးကို တကယ်သတ်ခဲ့တာလည်း ဒီလူကို မင်းဒင်ပဲ မဟုတ်လား"

ပြည်ငြိမ်းကအတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လူတွေ .. လူတွေ .. တော်တော်ကြောက်စ
ရာကောင်းပါလား။ငွေအတွက် ဘာမဆိုလုပ်ရဲကြသည်။
လောဘ၏မောင်းနှင်ရာနောက် မမောနိုင်မပန်းနိုင် ပြေး
လွှားနေကြရတဲ့ သနားစရာ သတ္တဝါတွေ။

"ငါမလုပ်နိုင်ဘူး မြင့်မြင့်သစ်"

ဟု ပြောကာ သူ့လက်ထဲကပုဆိန်ကြီးကို ပြည်
ငြိမ်းက ကြမ်းပြင်ပေါ်ပစ်ချလိုက်၏။

"ငါ ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး။ ငါ .. ဘယ်
သူ့ကိုမှလည်း မသတ်နိုင်ဘူး။ ငါ့ဘဝမှာ နွယ်
နွယ်သေဆုံးခဲ့ရတာတောင် ငါ့တာဝန်မကင်းဘူး
လို့ လိပ်ပြာမလုံသလို တစ်သက်လုံးခံစားနေခဲ့
ရတယ်။ ငါ ..နောက်ထပ်အမှား မကျူးလွန်နိုင်
တော့ဘူး မြင့်မြင့်သစ်"

မြင့်မြင့်သစ်က သူ့ကို သနားအထင်သေးသော
မျက်လုံးဖြင့်ကြည့်ကာ၊ကြမ်းပြင်ပေါ်ကျနေသော ပုဆိန်
ကြီးကို ကောက်ယူလိုက်၏။





ပြီးတော့.. သူ့အနီးတွင်ရှိနေသော မင်းဒင်လက်
ထဲသို့ ထိုပုဆိန်ကြီးကိုထည့်ကာ..

"ကြောက်လျှင်လွှဲ .. ရဲမှ မင်းဖြစ်တဲ့။ ဒါဆို သူ
ငြင်းပယ်တဲ့ အခွင့်အရေးကို ရှင်ပဲ ယူလိုက်ပါ
လားကိုမင်းဒင်။ ရှင်.. သူတို့နှစ်ယောက်လုံးကို
သတ်လိုက်၊ကိုအောင်မြတ်ဦးသေတဲ့အမှု သူတို့
အပေါ်လွှဲချလိုက်ရင် ဖြစ်တာပဲ။ပြီးရင် ရှင်ရယ်
ကျွန်မရယ် အမွေတွေကို ခွဲဝေယူကြမယ်။ ရှင်
ကသဘောကျတယ် ဆိုရင်လည်း ကျွန်မနဲ့လက်
ထပ်ကြတာပေါ့"

မြင့်မြင့်သစ်၏ သွေးဆောင်မှုမှာ၊ အတော်ပင်ထိ
ရောက်သည်ဟု ဆိုနိုင်သည်။ ပုဆိန်၏လက်ကိုင်ရိုးကို
ခတ်တင်းတင်းဆုတ်ကိုင်ကာ၊ မင်းဒင်က ပြည်ငြိမ်းရှိရာ
သို့တိုးလာရင်း ..

"ငါက လူတစ်ယောက်သတ်ပြီးပြီ။ နောက် နှစ်
ယောက်သတ်ရဖို့လည်း ဝန်မလေးပါဘူး။ မင်း

www.burmeseclassic.com



ဘတ်ကသာ မင်းရဲ့ကတိစကားတည်ပါစေနော်”

သွားပြန်ပြီ။

ဒုတိယ တစ်ယောက်လည်း လောဘကြောင့်ပင် အဆင်ခြင်ဉာဏ်တရား ကင်းမဲ့လောက်အောင် ရူးသွပ်သွားပြန်ပြီဟု ပြည်ငြိမ်းက တွေးလိုက်မိ၏။

မူယာကတော့ ထိတ်လန့်သွားလေသည်။ သူမ၏ယောက်ျားကိုမင်းဒင်ကား မြင့်မြင့်သစ်၏စည်းရုံးရေးနောက်၊ ကောက်ကောက်ပါအောင် လိုက်သွားလေပြီ။ ပထမ ပြည်ငြိမ်းကိုသတ်မည်။ပြီးလျှင် ဒုတိယအဖြစ် သူ့အလှည့် ရောက်လာလိမ့်မည်ဟု တွေးလိုက်၏။

ထို့ကြောင့်.. ကြိုတင်ကာကွယ်သည့် အနေဖြင့် အနီးရှိ စားပွဲပေါ်မှ ကြွေပန်းအိုးကြီးကို ကောက်ယူကာ အနောက်ဘက်မှနေ၍ မင်းဒင်၏ခေါင်းကို ရိုက်ချလိုက်လေတော့သည်။

မင်းဒင်သည် ပြည်ငြိမ်းကို ပုဆိန်ဖြင့်ခုတ်မည်ဟု ရွယ်မြှောက်လိုက်စဉ် နောက်မှ မူယာ၏အလစ်ရိုက်





ချက်ခံလိုက်ရကာ ..

ကြွေအိုးသည် အစိပ်စိပ်အမွှာအမွှာ ကွဲ၍သွားသလို ..

မင်းဒင်သည်လည်း ကြမ်းပြင်ပေါ် မှောက်လျက်လဲကျသွားပါလေတော့သည်။

မူယာက မင်းဒင်ဘေးတွင်ထိုင်ကာ လှုပ်နှိုး၏။ မင်းဒင်ကား တုတ်တုတ်မှမလှုပ်။ နောက်မှ ခေါင်းကိုအရိုက်ခံလိုက်ရသည့်ဒဏ်ကြောင့် မေ့လဲနေလေပြီ။

မင်းဒင်ကို အားကိုးမရ။ ပြည်ငြိမ်းကိုလည်းအားကိုးမရမှန်း သဝဝိသောအခါ၊ မြင့်မြင့်သစ်သည်

သူ့ကိုယ်

သူအားကိုးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ပုဆိန်ကြီးကိုကောက်ယူကာ၊ နေရာတွင်ထ, ရပ်ရင်းမှ ကြိမ်းဝါးလိုက်၏။

“ကဲ .. ဒီဇာတ်လမ်းက ငါကိုယ်တိုင် ပွဲသိမ်းမှဖြစ်တော့မယ်နဲ့ တူပါတယ်။ နင်တို့နှစ်ယောက်လုံး သေပေတော့”



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် .. အခန်းပေါက်ဝတွင် ရဲအုပ်ဘုန်းဓော် ဝင်ရောက်လာကာ၊ လက်ထဲမှ သေနတ်ဖြင့် ချိန်ရင်း ..

"ခင်ဗျားလက်ထဲက ပုဆိန်ကို လွှတ်ချလိုက်ပါ ဒေါ်မြင့်မြင့်သစ်"

ဟုပြောလိုက်သည်။ မြင့်မြင့်သစ်အဖို့ ခဲလေသမျှ သဲရေကျဖြစ်ရလေပြီ။ သူ့လက်ထဲကပုဆိန်ကို လွှတ်ချလိုက်ရလေတော့သည်။

ပြည်ငြိမ်းက ..

"ခင်ဗျားရောက်လာတာ အချိန်ကိုက်ပဲ .."

ဟု ပြောလိုက်သည်။ ဘုန်းမော်က ..

"ကျွန်တော့်ကို ခင်ဗျားသူငယ်ချင်း ကျော်မောင်က အကြောင်းစုံ ပြောပြထားတယ်။ ဒါကြောင့် သူတို့လင်မယားကို မသင်္ကာဖြစ်ပြီး နောက်ကတစ်ချိန်လုံးလိုက်နေခဲ့တာ။ ကိုမင်းဒင် အခြေအနေ ဘယ်လိုလဲ.."





"နောက်ကနေ ရိုက်လိုက်လို့ ခဏမေ့နေတာပါ။ တော်တော်ကြာ ပြန်သတိရလာပါလိမ့်မယ်"

အသူရာလမ်းက အိမ်နီကြီးတွင် ဖြစ်ပျက်ခဲ့သမျှ ဆတ်လမ်းတွေ ဒီတင်ပဲ ပြီးဆုံးပါစေတော့ဟု ပြည်ငြိမ်းက ရင်ထဲမှ ဆုတောင်းလိုက်မိပါလေတော့သည်။

(စိတ်ရောကိုယ်ပါ ချမ်းမြေ့ကြပါစေ)

ဒေဝစကြာ

(၂၀၁၀ .. စက်တင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၃၂၃၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၁၁၂၁၀

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်လ - ၂၀၁၁-ခုနှစ်၊ ဇန်နဝါရီလ

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

တန်ဖိုး - ၁၀၀

အုပ်ရေ - ၅၀၀

ကွန်ပျူတာစာစီ - ညီညီလွင်

မျက်နှာဖုံး - ကိုရဲ

ထုတ်ဝေသူ

ဦးကျင်ဝမ် (၀၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ် (၆၅)၊

ဗိုလ်ဗိုလ်ရာ ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးမြင့်ဝေ (ကံသာပုံနှိပ်တိုက်)

အမှတ် (၁၈၈)၊ ၃၁-လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း"(CIP)

၈၉၅.၈၃

ဒေဝစကြာ

အသူရာလမ်းက အိမ်နီကြီး / ဒေဝစကြာ - ရန်ကုန်။

နွေမိုးဆောင်းစာပေ ၊ ၂၀၁၀ ။

၁၆၀ - စာ ၊ ၁၂.၅ x ၁၈.၅ စင်တီ။

(၁) အသူရာလမ်းက အိမ်နီကြီး

www.burmeseclassic.com